The Agribiz News
www.agribiznews.com.mm
လယ်ယာ စီးပွားသတင်း
e-Paper-0053
၂၀၂၆ ခုနှစ် မတ် ၁၅ ရက်



# မျိုးစေ့ပြပွဲ (၂၀၂၆) ကျင်းပ

နေပြည်တော်၊ မတ် ၁

**Seed** Fair 2026 (မျိုးစေ့ပြပွဲ ၂၀၂၆) ကို မတ် ၁ ရက် မှ ၃ ရက်နေ့အထိ နေပြည်တော် ကောင်စီနယ်မြေ ၊ ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်းအတွင်း ကျင်းပခဲ့ကြောင်း သိရှိရသည်။

တောင်သူလယ်သမား အခွင့်အရေး အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပါ "တောင်သူ လယ်သမားများ သွင်းအားစု(မျိုးစေ့)များကို လွယ်ကူအဆင်ပြေစွာ ရရှိသုံးစွဲနိုင်ရေးအတွက် ပံ့ပိုး ကူညီ စီမံဆောင်ရွက်ရန်" ပြဋ္ဌာန်းချက်နှင့်အညီ ၂၀၁၈ ခုနှစ်မှ စတင်၍ နှစ်စဉ် မျိုးစေ့ပြပွဲများ ကျင်းပခဲ့ရာ ၂၀၂၆ ခုနှစ် မျိုးစေ့ပြပွဲကို (၈)ကြိမ်မြောက် ကျင်းပခဲ့ခြင်းဖြစ်သည်။ ယခုနှစ်မျိုးစေ့ပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် မျိုးစေ့အမျိုးပေါင်း ၂၀ မျိုး၊ မျိုးစေ့ပေါင်း ၅၀,၀၀၀ အား ပူးတွဲချည်နှောင် ထားသည့် မိုးပျံပူပေါင်းများ လွှတ်တင်ခဲ့ကြပြီး ပြပွဲကို မြေဧရိယာ ၂၈ ဧကပေါ်၌ လယ်ယာသီးနှံ ၁၀ မျိုး၏ မျိုးပြား ၉၁ မျိုး၊ ဟင်းသီးဟင်းရွက် သီးနှံ ၂၄ မျိုး၏ မျိုးပြား ၅၃ မျိုးအပြင် ဌာန ၂ ခုနှင့် ကုမ္ပဏီ ၃၄ ခုတို့မှ ခင်းကျင်းပြသထားသော ပြခန်းများဖြင့် စုံလင်စွာ ခင်းကျင်းပြသခဲ့ပြီး လာရောက်လေ့လာသူ တောင်သူများ၊ စိုက်ပျိုးထုတ် လုပ်သူများ ပြည်သူများ၏ သိရှိလိုသည်များကို သက်ဆိုင်ရာ စိုက်ကွင်းတာဝန်ခံများ စိုက်ပျိုးရေးပညာရှင် ဝန်ထမ်းများက အသေးစိတ် လိုက်ပါရှင်းလင်းပြသပေးကြသည်။

နိုင်ငံတော်အနေဖြင့် လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရ ပြည့်ဝရေး၊ အစားအစာဘေးကင်း လုံခြုံမှုရှိစေရေးနှင့်

စာ-၂ သို့

ကြက်ငှက်တုပ်ကွေး နှင့် ကြက်မွေးမြူရေး.... စ - ၈

မျိုး အတွက် ကွန်ချက်.. စ - ၁၆



မျက်နှာဖုံးမှ-

တောင်သူလယ်သမားများ ဝင်ငွေတိုးတက်စေရေးတို့အတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးထုတ်လုပ်သော သီးနှံများ၏ မျိုးကောင်းမျိုးသန့် ရရှိ စိုက်ပျိုးထုတ်လုပ်နိုင်ရေးသည် လယ်ယာကဏ္ဍအတွက် အရေးကြီးဆုံး လုပ်ငန်းစဉ်ဖြစ်ကြောင်း၊ မျိုးကောင်းမျိုးသန့်သုံးစွဲခြင်းဖြင့် ရောဂါပိုးမွှားဒဏ်ခံ နိုင်မှု၊ ရေငတ်ဒဏ် ခံနိုင်မှု၊ ဆားငံဒဏ်ခံနိုင်မှု၊ အပူချိန်နိမ့်မြင့်ဒဏ်ခံနိုင်မှု၊ ဓာတ်မြေဩဇာအပေါ်တုံ့ပြန်နိုင်မှု၊ အထွက်ပိုမိုရရှိမှုစသော အကျိုး ကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့် ရရှိသုံးစွဲနိုင်မှသာ သီးနှံများ အရည်အသွေးရော . အထွက်နှုန်းပါ တိုးတက်လာပြီး ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက ပိုလျှံသော လယ်ယာထွက်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ ချိတ်ဆက်တင်ပို့ ရောင်းချနိုင်မည်ဖြစ်ပါကြောင်း စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် က ပြောသည်။

ကွဲပြားခြားနားသော ရာသီဥတု ရေမြေအခြေအနေစုံလင်သည့် မိမိတို့မြန်မာနိုင်ငံတွင် ဒေသအလိုက် ကောင်းစွာဖြစ်ထွန်းပြီး အရည်အသွေး စံချိန်စံညွှန်းနှင့်ကိုက်ညီသော မျိုးစေ့များ ထုတ်လုပ်နိုင်ရေးသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ မျိုးစေ့ကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးကို အားပေးသည့်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ထောက်ခံချက်ဖြင့် နိုင်ငံသားကုမ္ပဏီများသာမက နိုင်ငံခြားသားကုမ္ပဏီများပါ ၁၀၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံမှုကို ဆောင်ရွက်ခွင့်ပြုထားပြီဖြစ်ကြောင်း၊ မျိုးစေ့ထုတ်လုပ်ရေးလုပ်ငန်းသည် ပြည်တွင်းလိုအပ်ချက်အတွက်သာမက ပြည်ပသို့ တင်ပို့နိုင်ရေး အတွက်ကိုပါ ဆောင်ရွက်နိုင်ပြီး အကျိုးအမြတ် ကောင်းစွာရရှိနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုဖြစ်၍ နိုင်ငံ့အကျိုး၊ တောင်သူလယ် သမားများ အကျိုးကိုရှေးရှုပြီး၊ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို သက်ဆိုင်ရာ ဌာနများ၊ ပညာရှင်များနှင့် ပုဂ္ဂလိက ကဏ္ဍများပါ ပူးပေါင်း ပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ဒုတိယဝန်ကြီး က ဖြည့်စွက်ပြောကြားသည်။



"မျိုးစေ့ပြပွဲ ၂၀၂၆" ကို အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်များ သုံးစွဲမှု မြင့်မား လာစေရေး၊ မျိုးစေ့သုံးစွဲသူများနှင့် မျိုးစေ့ထုတ်လုပ်သူများအကြား ဆက်နွယ်

စာ-၇ သို့

Agribiz News လယ်ယာစီးပွား သတင်း www.agribiznews.com.mm

agribiznews.com.mm

တာဝန်ခံအယ်ဒီတာ - ထွန်းသက်ပိုင်
အယ်ဒီတာအဖွဲ့ဝင်များ - ကျော်သူနိုင်၊ ကိုရင်အောင်မိုး၊ ထက်ဝေအောင်(စစ်ကိုင်း)
ထုတ်ဝေသူ - ဒေါက်တာအောင်ဇံထွေး(မြဲ-၀၀၄၁၀)
လိပ်စာ - ရုံးအမှတ်(၄၃) စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း - ၀၆၇ ၃၄၁၀၁၄၂

# ၂၀၂၆ ခုနှစ် မတ် ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်



### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ် အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပါသည်။

### မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်း ပြည်နယ်(အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး (အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်း ရွာနိုင်ပါသည်။

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် ၄ ရက်မှ ၅ ရက်ခန့်၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း ဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်း ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ၂ ရက်မှ ၃ ရက်ခန့်နှင့် မန္တလေး တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရခိုင်ပြည်နယ် တို့တွင် ၁ ရက်ခန့် မိုးထစ်ချုန်း ရွာနိုင်ပါသည်။

### နေ့အပူချိန်

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေး တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မတ်လ ပျမ်းမျှအပူချိန်၏ ၁ဒသမ၅ ဒီဂရီဆဲလ်စီးယပ်နှင့် အထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မတ်လ ပျမ်းမျှ အပူချိန်ခန့်သာ ရှိနိုင်ပါသည်။

### မြူအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ် နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ၅ ရက်မှ ၇ ရက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ၂ ရက်မှ ၄ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ် တို့တွင် ၁ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်ပါသည်။

### မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် ၃ ပေမှ ၄ ပေခန့်၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့ တို့တွင် ၁ ပေမှ ၂ ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေ ဝက်ခန့်စီ လက်ရှိရေမှတ် များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့နှင့် ကလေးဝ မြို့ တို့တွင် ပေဝက်မှ ၂ ပေခွဲခန့် လက်ရှိရေမှတ်များ အထက် မြင့်တက်လာနိုင်ပြီး မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင်ပေ ဝက်ခန့်စီ လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၃ လက်မခန့်၊ ပဲခူးမြစ်ရေ သည် ပဲခူးမြို့တွင် ၁ ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၁ ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၃ လက်မခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့ တွင် ၃ လက်မခန့်နှင့် သာပေါင်းမြို့တွင် ပေဝက်ခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့ တွင် ၂ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင်၁ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ၃ လက်မခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင်၂ ပေခန့်စီ၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ပေဝက်ခန့်နှင့် ငဝန်မြစ်ရေသည် ပုသိမ်မြို့တွင် ၁ ပေခန့် လက်ရှိရေမှတ် များအောက်ကျဆင်းလာနိုင်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

# ပြီးခဲ့သည့် ၁၀ လ အတွင်း မြန်မာ့ပုစွန် တန်ချိန် ၉,၀၀၀ တင်ပို့

ငါးလုပ်ငန်းဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၏ ဧပြီ ၁ ရက်မှ စတင်ကာ ပြီးခဲ့သော ၁၀ လအတွင်း ပုစွန်တန်ချိန် ၉,၀၀၀ နီးပါးကို နိုင်ငံတကာ ဈေးကွက်များသို့ တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၇၆၉ သန်း ရရှိခဲ့ကြောင်း သိရသည်။

လွန်ခဲ့သော ၁၀ လအတွင်း မြန်မာနိုင်ငံသည် ရေကြောင်းမှ တစ်ဆင့် အမေရိကန် ဒေါ်လာ ၂၃ ဒသမ ၃ သန်းတန်ဖိုးရှိသော ပုစွန် တန်ချိန် ၈,၁၀၀ ကျော်ကို တင်ပို့ခဲ့ပြီး အိမ်နီးချင်း နိုင်ငံများသို့ နယ်စပ်မှ တစ်ဆင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၅ သန်း တန်ဖိုးရှိသော ပုစွန် တန်ချိန် ၈၁၅ ဒသမ ၇၉ ကို တင်ပို့ခဲ့ကာ စုစုပေါင်း တန်ချိန် ၈,၉၅၀ ဒသမ ၈၆ ရှိခဲ့ပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံသည် ပုစွန်တန်ချိန် ၉,၀၀၀ ကျော်ကို ပြည်ပသို့ တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ သန်း ၃၀ ရရှိခဲ့ကြောင်း ဌာနမှ ဖော်ပြခဲ့သည်။

မြန်မာနိုင်ငံသည် တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် ဂျပန်နိုင်ငံတို့ အပါအဝင် နိုင်ငံပေါင်း ၄၀ သို့ ရေကြောင်းနှင့် ကုန်းလမ်း နယ်စပ် ကုန်သွယ်ရေး လမ်းကြောင်းများမှ တစ်ဆင့် ပင်လယ် စာများကို ပုံမှန်



တင်ပို့လျက်ရှိကြောင်း သိရှိရပါသည်။

အေးအေးခိုင်

https://www.gnlm.com.mm/myanmar-shrimp-exports-hit-9000mt-in-10-months-apr-jan/#article-title

# မွေးမြူရေးသုတေသနဦးစီးဌာန လုပ်ငန်းခွင်ဝင်သင်တန်း (အမှုထမ်း) အမှတ်စဉ်(၂) ဖွင့်ပွဲကျင်းပ




နေပြည်တော်၊ မတ် ၉

**စိုက်**ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးသုတေသန ဦးစီးဌာန၊ လုပ်ငန်းခွင်ဝင်သင်တန်း(အမှုထမ်း) အမှတ်စဉ်(၂) ဖွင့်ပွဲအခမ်းအနားကို မတ် ၉ ရက်က နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ Auditorium ခန်းမ၌ ကျင်းပပြုလုပ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဒေါက်တာအောင်ကြီး တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက မွေးမြူရေးသုတေသနဦးစီးဌာနမှ စီမံ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာဝန်ထမ်းများ၊ ကုန်းနေနှင့် ရေနေသတ္တဝါဆိုင်ရာ သုတေသီဝန်ထမ်းများအား ရုံးလုပ်ငန်း ဆိုင်ရာ သဘောတရားများ နားလည်သဘောပေါက်လာစေရန်၊ သုတေသနဆိုင်ရာ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာစေရန် ကဏ္ဍအလိုက်သတ်မှတ်သင်တန်းများကို ဌာနစတင်ဖွင့်လှစ်သည့် ၂၀၂၂-၂၀၂၃၊ ဘဏ္ဍာရေးနှစ်တွင် သင်တန်း ၃ ခုကိုလည်းကောင်း၊ ၂၀၂၃-၂၀၂၄၊ ဘဏ္ဍာရေးနှစ်တွင် သင်တန်း ၃ ခုကိုလည်းကောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် သင်တန်း ၇ ခုကိုလည်းကောင်း၊ ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် သင်တန်း ၄ ခု ဖွင့်လှစ်ခဲ့ပြီး ပြဋ္ဌာန်းထားသော နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများ၊ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းများကို ရင်းနှီးကျွမ်းဝင်လာစေခြင်းနှင့်အတူ ဌာနမှ ဆောင်ရွက်လျက်ရှိသည့် သုတေသနလုပ်ငန်းများကို သိရှိနားလည် လာစေမည်ဖြစ်ရာ ဝန်ထမ်းများ၏ ထမ်းဆောင်ရာ တာဝန်အလိုက်ဆောင်ရွက်ရသည့် လုပ်ငန်းများအတွက်များစွာအထောက် အကူပြုစေမှာဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှု ကင်းရှင်းခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ တာဝန်ယူမှု/တာဝန်ခံမှုရှိခြင်းနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဦးစားပေးဆောင်ရွက်ခြင်းတို့ကို အဓိက မဏ္ဍိုင်များအဖြစ် အကောင် အထည်ဖော်လျက်ရှိကြောင်း၊ ၎င်းဝန်ထမ်းများမှတစ်ဆင့် စွမ်းရည်ပြည့်ဝပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ပြည်သူ့အကျိုးပြု လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် အားလုံးပါဝင်သည့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေရန်ရည်ရွယ်၍ ယခုကဲ့သို့ လုပ်ငန်း စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းတွေကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံ၏ ဘက်စုံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံ့ဝန်ထမ်းများ ဖြစ်၍ မိမိတို့ဌာန၏ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ဌာနနှင့် နိုင်ငံတော်အပေါ် သစ္စာရှိကြရန်၊ ကျရာကဏ္ဍမှတာဝန်ယူထမ်းဆောင်ရသည့် အတွက် တစ်ဦးချင်းလုပ်ငန်းစွမ်းဆောင်ရည် အရည်အသွေးမြင့်မားနေရန် လိုအပ်သကဲ့သို့ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရန်လည်းလိုအပ်သည်ဖြစ်ရာ သင်တန်းမှရရှိလာသည့် အတွေ့အကြုံ များကိုအခြေခံကာ သင်တန်းသား/သင်တန်းသူများအနေနှင့် သက်ဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် တစ်ဦးကောင်း တစ်ယောက်ကောင်း ဆောင်ရွက်ခြင်း မျိုးမဟုတ်ဘဲ ကဏ္ဍအလိုက် အားလုံးတက်ညီ

စာ- ၅ သို့

# ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း နွေသီးနှံ ၇၃,၀၀၀ ကေကျော်အား ဆည်တော်ကြီးဆည်မှ ရေပေးဝေမည်

**မ**န္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ဆည်တော်ကြီးဆည်မှ ဆည်ရေသောက် ဧရိယာအတွင်း နွေစပါး ၇၃,၈၀၃ ဧကနှင့် အခြား နွေသီးနှံများ စိုက်ပျိုးရန် လျာထားထားပြီး ၎င်းသီးနှံများအတွက်စိုက်ပျိုး ရေကိုဆည်အတွင်း အပြည့်အဝ သိုလှောင်ထားကာ ယခုအခါ တောင်သူများ စိုက်ပျိုးရန် စတင်ဖြန့်ဖြူး ပေးဝေလျက်ရှိပါသည်။

မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းသန့်က ဆည်တော်ကြီးဆည်၏ ရေသောက် ဧရိယာအတွင်းရှိ မြို့နယ် ၄ ခုအား နွေစပါးနှင့် အခြားနွေသီးနှံများ စိုက်ပျိုးရန်အတွက် ရေပေးဝေလျက်ရှိကြောင်း၊ ဖေဖော်ဝါရီလ တတိယပတ်မှ စတင်၍ စိုက်ပျိုးရန် လျာထားသည့် ၇၃,၈၀၃ ဧက အတွက် ရေပေးဝေခဲ့ပြီး ယနေ့အထိ နွေစပါး ၅,၄၆၆ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း ပြောကြားသည်။

ဆည်သည် နွေစပါးနှင့် အခြားနွေသီးနှံများ စိုက်ပျိုးသည့် တောင်သူများအား ရေလုံ လောက်စွာ ဖြန့်ဖြူးပေးလျက်ရှိသည်။ ယခုရာသီတွင် စိုက်ပျိုးရန်အတွက် ရေရရှိမှု စိတ်ချသေချာစေရန် ယခုလ၏ တတိယပတ်မှစတင်၍ ပုသိမ်ကြီးမြို့နယ်၊ မတ္တရာမြို့နယ်နှင့် အမရပူရမြို့နယ်ရှိ ရေမြောင်းများတစ်လျှောက်တွင် နွေစပါး စိုက်ပျိုးခြင်း ပြီးစီးသည်အထိ ဆည်မှရေကို ရရှိနိုင်မည်ဖြစ်ကြောင်း တောင်သူများအား အသိပေးသည့် ဆိုင်းဘုတ်များ စိုက်ထူထားသည်။ ယနေ့အထိ မတ္တရာနှင့် ပုသိမ်ကြီးမြို့နယ်များတွင် စုစုပေါင်း စပါး ၅,၄၆၆ ဧက စိုက်ပျိုးပြီးဖြစ်သည်။

စာ- ၅ သို့





# မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့် ဆင်သေရေလှောင်တမံ အခိုင်အမာ ပြုပြင်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ၊ မတ် ၉

**မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့် ပြည်တော်စုနယ်မြေ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မယ်ဇလီကျင်းကျေးရွာအနီးရှိ ဆင်သေရေလှောင်တမံ အခိုင်အမာ ပြုပြင်နေမှုအား မတ် ၇ ရက်နေ့က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများ နှင့်အတူ ကြည့်ရှု စစ်ဆေးသည်။**

ဦးစွာ တာဝန်ရှိသူများက ဆင်သေရေလှောင်တမံ ပြုပြင်ခြင်း လုပ်ငန်းတွင် ပြန်လည်ပြုပြင်မည့် ဒီဇိုင်းပုံစံများ၊ လအလိုက်ဆောင်ရွက်ရန် လျာထားမှု၊ လက်ရှိ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့အား ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ရေလှောင်တမံပြန်လည်ပြုပြင်ရာတွင် ပိုမိုခိုင်ခံ့ပြီး နောင်ရေရှည်လုံခြုံစိတ်ချနိုင်ရေးအတွက် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးရေး အထူးအလေးထား ဆောင်ရွက်ကြရန်၊ ရေလှောင်တမံနှင့် ရေပိုလွှဲတို့၏ ကြံ့ခိုင်ရေးကို Dam Monitoring စောင့်ကြည့်တိုင်းတာ စစ်ဆေးမှုများ အမြဲမပြတ်ဆောင်ရွက်ကြရန်၊ နွေစပါး အပါအဝင် အခြားနွေသီးနှံလျာထား စိုက်ကေများအတိုင်း လုံလောက်စွာ စိုက်ပျိုးရေ ပေးဝေနိုင်ရေး စီမံဆောင်ရွက်ကြရန်နှင့် အခြားနည်းပညာပိုင်းဆိုင်ရာ လိုအပ်သည်များ ဆွေးနွေးမှာကြားပြီး လုပ်ငန်းခွင်အတွင်း ဆောင်ရွက်လျက်ရှိသော တမံ Rock Toe ရေစစ်ကျောက်ရိုးစီခြင်း၊ မြေကြီးဖို့ခြင်း၊ တမံနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးသည်။

ဆင်သေရေလှောင်တမံသည် ဒေသခံတောင်သူများ ရာသီအလိုက် နွေစပါး၊ မိုးစပါး နှင့် အခြားသီးနှံများ အချိန်မီ အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးနိုင်ရေးအတွက် နှစ်စဉ် စိုက်ပျိုးရေ လုံလောက်စွာဖြန့်ဝေပေးလျက်ရှိသော ရေလှောင်တမံ တစ်ခုဖြစ်ကြောင်း သိရသည်။ ဆင်သေရေလှောင်တမံ အနေဖြင့် ယခု(၂၀၂၅-၂၀၂၆)နွေသီးနှံရာသီတွင် နွေစပါး နှင့် နွေအခြားသီးနှံ လျာထားကေပေါင်း ၁၁၅၈၀ ရှိသည့်အနက် ယနေ့အထိ နွေစပါး ၅၃၇၉ ကေအား စိုက်ပျိုးရေပေးဝေထားရှိပြီး ကျန်ကေများအားလည်း စိုက်ပျိုးရေ ဆက်လက် ပေးဝေလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တပ်ကုန်းမြို့နယ်၊ သရက်ကွင်းကျေးရွာအနီး၌ အသစ်တည်ဆောက်မည့် ဆင်သေရေလွှဲဆည်နေရာသို့ ရောက်ရှိစဉ် ရေလွှဲဆည်အသစ်တည်ဆောက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်နေမှုများ၊ ရေလွှဲဆည်အူကြောင်း (Alignment) ရွေးချယ်ထားရှိမှု၊ သတ်မှတ်ဒီဇိုင်းပုံစံအရ မြေပြင်နေအထားနှင့် ကိုက်ညီမှုရှိ မရှိအခြေအနေအား ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်သည်များ ဆွေးနွေး မှာကြားသည်။

ထို့နောက် ဆင်သေရေသောက်စနစ် လက်ဝဲလက်တံ(၁) မြောင်းအဖျားပိုင်းအထိ နွေစပါးနှင့် နွေအခြားသီးနှံ စိုက်ပျိုးရေပေးဝေမှုအခြေအနေတို့အား ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေ လေလွင့်ဆုံးရှုံးမှု မရှိစေရေးနှင့် စနစ်တကျအကျိုးရှိစွာ သုံးစွဲကြရန် ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ရေဆင်းဆည်ရေသောက်စနစ်ဧရိယာအတွင်း လက်ယာလက်တံ(၂)မြောင်းမကြီးမှ စိုက်ပျိုးရေပေးဝေနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ ဆည်ရေပေးဝေရာတွင် အခက်အခဲ အဟန့်အတားမရှိ ရေစီးရေလာကောင်းမွန်စေရေးအတွက် မိမိတို့လယ်ယာမြေအနီးရှိ လယ်ကြားမြောင်းများပြန်လည်တူးဖော်ခြင်းနှင့် အခြားလိုအပ်သည်များ ဌာနနှင့်အတူ ပူးပေါင်း ဆောင်ရွက်ကြရန်၊ စိုက်ပျိုးရေကို စနစ်တကျအကျိုးရှိစွာ သုံးစွဲကြရန်၊ မြောင်းဖျားပိုင်းရှိ လယ်ကွက်များအထိ စိုက်ပျိုးရေမျှတစွာ ရရှိစေရေးနှင့် စိုက်ပျိုးရေ ရယူရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြား သည်။

ရေဆင်းရေလှောင်တမံ အနေဖြင့် (၂၀၂၅-၂၀၂၆) ခုနှစ်အတွင်း နွေစပါး ၆၂၄၆ ကေ၊ နွေအခြားသီးနှံ ၁၁၈၀ ကေ စုစုပေါင်း ၇၄၂၆ ကေ စိုက်ပျိုးရေပေးဝေရန် လျာထား ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**MOALI**

စာ-၄ မှ

နွေစပါးဆက်လက်စိုက်ပျိုးနိုင်ရန်နှင့် လျာထားကေ ပြည့်မီစေရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် ရေသွင်းမြောင်းများကို အချိန်နှင့်တစ်ပြေးညီ ပြုပြင်ခြင်းနှင့် ရေမြောင်းများရှင်းလင်းခြင်း ဆောင်ရွက်လျက်ရှိသည်ဟု ၎င်းကပြောကြားသည်။

ဆည်ရေသောက်ဧရိယာအတွင်းရှိ နွေစပါးနှင့် အခြားနွေသီးနှံ စိုက်ပျိုးမှု ကေများမှာ မတ္တရာမြို့နယ်တွင် နွေစပါး ၄၄,၉၀၄ ကေနှင့် နွေနှမ်း ၂၉၅ ကေ၊ ပုသိမ်ကြီးမြို့နယ်တွင် နွေစပါး ၁၉,၀၂၉ ကေနှင့် နွေနှမ်း ၂၃၉ ကေ၊ အမရပူရမြို့နယ်တွင် နွေစပါး ၆,၁၇၈ ကေနှင့် နွေနှမ်း ၃,၁၁၄ ကေ၊ ပြည်ကြီးတံခွန်မြို့နယ်တွင် နွေစပါး ၄၄ ကေဖြစ်ပြီး နွေစပါးနှင့် အခြားနွေသီးနှံ စုစုပေါင်း ၇၃,၈၀၃ ကေရှိသည်။ ယနေ့တွင် ဆည်၏ရေမျက်နှာပြင်အမြင့်မှာ RL- ၄၁၈.၃ ပေ ရှိပြီး ရေလှောင်ပမာဏ ၃၅၃,၈၂၀ ဧကပေ နှင့် အသုံးပြု၍ရသော ရေပမာဏ ၃၂၆,၇၂၀ ဧကပေ ရှိသည် ဖြစ်ကြောင်းသိရှိရသည်။

**အေးအေးခိုင်**

https://www.gnlm.com.mm/sedawgyi-dam-to-supply-water-for-over-73000-acres-of-summer-crops-in-2025-2026-fy/#article-title

စာ-၄ မှ

လက်ညီနှင့် စုပေါင်းလုပ်ကိုင်ဆောင်ရွက်ပြီး ဘက်လိုက်မှုမရှိဘဲ အဂတိကင်းရှင်းစွာဆောင်ရွက်ခြင်းဖြင့် မိမိတို့ဌာနမှ ချမှတ်ထားသည့် လုပ်ငန်းစဉ်များ၊ မူဝါဒများနှင့် ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ကြရန်မှာကြားသည်။

၎င်းနောက် သင်တန်းဖြစ်မြောက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌက သင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ အဆိုပါအခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် သင်တန်းသား/သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်း ကာလမှာ ၉-၃-၂၀၂၆ ရက်မှ ၁၃-၃-၂၀၂၆ ရက်ထိ ၅ ရက်ကြာ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

**MOALI**

# ၂၀၃၀ ပြည့်နှစ်တွင် ကြက်သွန်နီ တင်သွင်းမှု ၃၀ ရာခိုင်နှုန်း လျှော့ချရန် မလေးရှား ရည်မှန်း

မလေးရှားနိုင်ငံသည် အစိုးရ အေဂျင်စီများ၏ ပံ့ပိုးကူညီမှုဖြင့် ကြက်သွန်နီ စိုက်ပျိုး ထုတ်လုပ်မှုကို တိုးချဲ့ဆောင်ရွက်လျက်ရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် ပြည်ပမှတင်သွင်းနေရသည့် မှီခိုအားထားရမှုကို ၃၀ ရာခိုင်နှုန်းအထိ လျှော့ချရန် ရည်မှန်းထားပါသည်။ အဆိုပါ ဆောင်ရွက် ချက်ကို နိုင်ငံ၏ စားနပ်ရိက္ခာ ဖူလုံရေး မူဘောင် အတွင်း ထားရှိဆောင်ရွက်မည် ဖြစ်သည်။

စိုက်ပျိုးရေး နှင့် စားနပ်ရိက္ခာဖူလုံရေး ဝန်ကြီးဌာန၏ ဒုတိယအတွင်းရေးမှူးချုပ် (ဖွံ့ဖြိုးရေး) Datuk Luqman Ahmad ၏ ပြောကြားချက်အရ မလေးရှားနိုင်ငံသည် လက်ရှိတွင် ၎င်း၏ ကြက်သွန်နီ လိုအပ်ချက်၏ ၁၀၀ ရာခိုင်နှုန်းနီးပါးကို ပြည်ပမှ တင်သွင်း နေရပြီး နှစ်စဉ် တန်ဖိုးမလေးရှားရင်းဂစ် တစ်ဘီလီယံ (အမေရိကန်ဒေါ်လာ သန်း ၂၁၀) ကျော်ရှိသည်။ နိုင်ငံသည် ပြောင်းနှင့် အသားထွက်ကုန်ပစ္စည်းများအတွက်လည်း ပြည်ပမှီခို အားထားမှု ရှိနေဆဲဖြစ်ရာ ပြည်တွင်းထုတ်လုပ်မှု အားကောင်းလာစေရန် အဆင့်ဆင့်သော ချဉ်းကပ်နည်းလမ်းတစ်ရပ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါသည်။ ယနေ့အချိန်တွင် ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်မှုအတွက် အလားအလာကောင်း ရှိသော အစိုးရ၏ မြှင့်တင်ဆောင်ရွက်မှုကို ကွင်းဆင်းလေ့လာခဲ့ပါကြောင်း၊ ယခုအချိန်အထိ ကျွန်တော်တို့ဟာ ပြည်ပ မှ တင်သွင်းမှုအပေါ်တွင် လုံးဝမှီခိုနေခဲ့ရသည့်အတွက် ယခုခြေလှမ်း သည် တင်သွင်းမှုတန်ဖိုး လျှော့ချရေးနှင့် စားနပ်ရိက္ခာဖူလုံမှု မြှင့်တင်ရေးတို့အတွက် ကြီးမား သော သက်ရောက်မှုရှိပါသည် ဟု ၎င်းက ပြောကြားသည်။



စီးပွားဖြစ် စိုက်ပျိုးခြင်းများကို Pahang ပြည်နယ်နှင့် Sabah ပြည်နယ်တို့တွင် ဆောင်ရွက်လျက်ရှိပြီး ကနဦးအဆင့်တွင် ၈ ဟက်တာခန့် စိုက်ပျိုးတည်ထောင်ထားပါသည်။နောက်ထပ် တိုးချဲ့စိုက်ပျိုးမှုများသည် သင့်လျော် ကိုက်ညီသော မြေယာရရှိမှုနှင့် မျိုးစေ့ ရရှိနိုင်မှု အပေါ် မူတည်မည်ဖြစ်သည်။ Kelantan ပြည်နယ်ရှိ ရှေ့ပြေး စီမံကိန်းမှ ထွက်ရှိလာသော ထွက်ကုန်များကို မျိုးစေ့ တိုးချဲ့ထုတ်လုပ်ခြင်းနှင့် အခြားတောင်သူများသို့ ဖြန့်ဖြူးခြင်းအတွက် ခွဲဝေသုံးစွဲမည်ဖြစ်သည်။သုတေသနပံ့ပိုးမှုနှင့် နည်းပညာလွှဲပြောင်းပေးခြင်းများကို MARDI (မလေးရှား စိုက်ပျိုး ရေး သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဌာန)မှ ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ကွင်းဆင်း အကောင်အထည်ဖော်မှုအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူလယ်သမားအဖွဲ့အစည်းများက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အစီအစဉ်သည် ကြက်သွန်နီ ထုတ်လုပ်နိုင်စွမ်းကို တိုးချဲ့ရန်နှင့် မလေးရှားနိုင်ငံ၏ စိုက်ပျိုးရေး နှင့် စားနပ်ရိက္ခာကဏ္ဍတို့တွင် ပြည်ပမှ တင်သွင်းမှု ပြတ်တောက်ပါက ထိခိုက်နိုင်ခြေကို လျှော့ချရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ် ကြောင်း သိရှိရသည်။

**အေးအေးခိုင်**

https://www.freshplaza.com/asia/article/9814322/malaysia-targets-30-reduction-in-onion-imports-by-2030/

# ဗီယက်နမ် ပို့ကုန်လုပ်ငန်းရှင်များ သင်္ဘောတင်ပို့မှု အနှောင့်အယှက်ဖြစ်နိုင်ခြေအတွက် ပြင်ဆင်ထားရန် လိုအပ်

အမေရိကန်နှင့် အီရန်တို့အကြား တင်းမာမှုများ မြင့်တက်လာပြီးနောက် ဟော်မုဇ်ရေလက်ကြား (Strait of Hormuz) အပါအဝင် အဓိက သင်္ဘောလမ်းကြောင်းများတွင် အနှောင့်အယှက်များ ဖြစ်ပေါ်နေသဖြင့် အရှေ့အလယ်ပိုင်းဒေသ၏ အခြေအနေများကို အနီးကပ်စောင့်ကြည့်ရန် ဗီယက်နမ် သွင်းကုန်ပို့ကုန် ဦးစီးဌာနက စီးပွားရေး လုပ်ငန်းရှင်များကို တိုက်တွန်းထားသည်။

ဗီယက်နမ် ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း (Vasep) ၏ အဆိုအရ ၂၀၂၅ ခုနှစ်တွင် အရှေ့အလယ်ပိုင်းဒေသသည် ဗီယက်နမ်၏ ရေထွက်ကုန်ပို့ကုန်အတွက် အမေရိကန်ဒေါ်လာ ၄၀၁ သန်းအထိ အကျိုးအမြတ်ရရှိခဲ့ပြီး ယခင်နှစ်ထက် ၉ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရသည်။ ငါးတန် (Pangasius) တင်ပို့မှုသည် ၁၈ ရာခိုင်နှုန်း မြင့်တက်ကာ ဒေါ်လာ ၁၇၆ သန်းသို့ ရောက်ရှိခဲ့ပြီး ပုစွန်တင်ပို့မှုသည် ၂၀ ရာခိုင်နှုန်း မြင့်တက်ကာ ဒေါ်လာ ၅၄ သန်းသို့ ရောက်ရှိခဲ့သည်။

ပင်လယ်ကွေ့ဒေသရှိ လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကြောင့် Maersk၊ Hapag-Lloyd နှင့် CMA CGM ကဲ့သို့သော အဓိက သင်္ဘောလိုင်းများသည် စစ်ဘေးအန္တရာယ်အတွက် ထပ်ဆောင်းအခကြေးငွေများ သတ်မှတ်လာကြပြီး အအေးခန်း ကွန်တိန်နာများ လက်ခံမှုကိုလည်း ကန့်သတ်လာကြသည်။ အာရှမှဒူဘိုင်းသို့ ကုန်စည်ပို့ဆောင်ခနှုန်းထားများသည် ရက်ပိုင်းအတွင်း နှစ်ဆနီးပါး မြင့်တက်သွားကြောင်း သိရသည်။



ပို့ဆောင်ရေးလမ်းကြောင်းများ ကြန့်ကြာမှုကြောင့် အအေးကွင်းဆက် (cold chain) တည်ငြိမ်မှုကို ထိခိုက်စေနိုင်ခြင်း၊ ရေကြောင်းအာမခံကြေးများ မြင့်တက်လာခြင်းနှင့် ကုန်စည်ပို့ဆောင်ရေးစရိတ်များ ပိုမိုများပြားလာနိုင်ခြင်းတို့ ရှိနိုင်ကြောင်း Vasep က သတိပေးထားသည်။ ဝန်ကြီးဌာနအနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များအား ပို့ဆောင်ရေးလမ်းကြောင်းများကို ခွဲထုတ်ရန်၊ သယ်ယူပို့ဆောင်ရေးနှင့် အာမခံဆိုင်ရာ စာချုပ်ပါ အပိုဒ်များကို ပြန်လည်သုံးသပ်ရန်နှင့် အရေးပေါ်အစီအစဉ်များကို အားကောင်းအောင် ဆောင်ရွက်ထားရန် အကြံပြုထားသည်။

ထို့အပြင် ဆီဈေးနှုန်း မြင့်တက်လာမှုသည် တိရစ္ဆာန်စာ၊ မွေးမြူရေးနှင့် အစားအသောက် ထုတ်လုပ်မှုကွင်းဆက် တစ်လျှောက်လုံးတွင်လည်း ကုန်ကျစရိတ် ဖိအားများကို ဖြစ်ပေါ်စေနိုင်ကြောင်း သိရှိရသည်။

**TTP**

www.asian-agribiz.com
(11 March 2026)

# အိန္ဒိယမှ ထုတ်လုပ်သည့် အီသနောပမာဏ၏ ထက်ဝက်နီးပါးမှာ ပြောင်းသီးနှံမှ ထုတ်လုပ်ခြင်းဖြစ်



**အိ**န္ဒိယနိုင်ငံ၏ အီသနောရောစပ်ခြင်းအစီအစဉ်တွင် ပြောင်းသီးနှံ၏ အခန်းကဏ္ဍသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ် (နိုဝင်ဘာလမှ အောက်တိုဘာလအထိ) အီသနောထောက်ပံ့မှုနှစ် (Ethanol Supply Year-ESY) အတွင်း သိသိသာသာ အားကောင်းလာခဲ့ပြီး ယင်းသည် ကုန်ကြမ်းအသုံးပြုမှု ပြောင်းလဲ လာခြင်းကို ရှင်းလင်းစွာ ထင်ဟပ်စေကြောင်း သိရသည်။

အီသနော၊ ဇီဝစွမ်းအင်နှင့် အရက်ထုတ်လုပ်သူများ၏ ကုန်သွယ်ရေးအဖွဲ့ဖြစ်သော အိန္ဒိယ နိုင်ငံလုံးဆိုင်ရာ အရက်ချက်လုပ်သူများအသင်း (All India Distillers Association-AIDA) မှ မျှဝေ ထားသော နောက်ဆုံးအချက်အလက်များအရ နိုဝင်ဘာမှ အောက်တိုဘာအတွင်း အီသနော စုစုပေါင်းထုတ်လုပ်မှု၏ ထက်ဝက်နီးပါး (ခန့်မှန်းခြေ ၄၈ ရာခိုင်နှုန်း) မှာ ပြောင်းသီးနှံကို အဓိက ကုန်ကြမ်းအဖြစ် အသုံးပြုခဲ့ခြင်းဖြစ်ကြောင်းနှင့် ယခင် ထောက်ပံ့မှုနှစ်တွင် ၄၂ ဒသမ ၆ ရာခိုင်နှုန်း ရှိခဲ့ရာမှ သိသိသာသာ တိုးတက်လာခြင်းဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း ပြောင်းသီးနှံသည် အစဉ်အလာအရ အသုံးပြုခဲ့သည့် ကြံအခြေခံကုန်ကြမ်းများကို ကျော်လွန်၍ နိုင်ငံအတွင်း အီသနောထုတ်လုပ်မှု လုပ်ငန်းစဉ်အတွက် အဓိကကုန်ကြမ်းဖြစ်လာခဲ့ကြောင်း သိရသည်။ “ယခုနှစ် အီသနောခွဲတမ်းစုစုပေါင်းအနက် ပြောင်း အခြေခံထုတ်လုပ်မှုသည် အစိုးရ၏ အားပေးသော မူဝါဒများနှင့် ဝယ်ယူသည့်ဈေးနှုန်း မြင့်တက်လာ မှု (ပြောင်းအခြေခံ အီသနောတစ်လီတာလျှင် ရူပီး ၇၁ ဒသမ ၈၆) တို့ကြောင့် မကြုံစဖူးတိုးတက် လာခဲ့ပါတယ်” ဟု AIDA က ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ ပျက်စီးသွားသော အစားအစာ ကောက်ပဲသီးနှံများနှင့် ပိုလျှံသော ကောက်ပဲသီးနှံများ အပါအဝင် အခြားသော အစေ့အဆန်များ၊ ကြံရည်၊ B-heavy တင်လဲရည်နှင့် C-heavy တင်လဲရည်တို့သည်လည်း ကုန်ကြမ်းအဖြစ် မျှတစွာ ပါဝင်လျက်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ အီသနောထောက်ပံ့မှု အစီအစဉ်သည် အားကောင်းသော အရှိန်အဟုန်ဖြင့် ဆက်လက်ဖြစ်ပေါ်နေပြီး စာချုပ်ချုပ်ဆိုထားသည့် ပမာဏ လီတာ ၁,၁၆၃ ကုဋေတွင် စုစုပေါင်း ထောက်ပံ့မှုမှာ လီတာ ၁,၀၃၉ ကုဋေခန့်အထိ ရှိခဲ့ရာ ၈၉ ရာခိုင်နှုန်းအထိ ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရသည်။ ပြောင်းနှင့် ဆန်တို့ အပါအဝင် အစေ့အဆန်အခြေခံ ကုန်ကြမ်း စုစုပေါင်းမှာ လီတာ ၇၁၈ ကုဋေရှိပြီး ထောက်ပံ့ပေးခဲ့သည့် အီသနောပမာဏ၏ ၆၉ ရာခိုင်နှုန်းနီးပါးအထိ ပါဝင်ခဲ့ရာ ယင်းသည် ယခင်နှစ်က ၅၉ ရာခိုင်နှုန်းရှိခဲ့ရာမှ တိုးတက်လာခြင်းဖြစ်ကြောင်း သိရသည်။ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွင်း ကြံအခြေခံကုန်ကြမ်းများမှာ လီတာ ၃၂၁ ကုဋေ (သို့မဟုတ် ၃၁ ရာခိုင်နှုန်း) ရှိခဲ့ပြီး ယခင်နှစ်က ၄၁ ရာခိုင်နှုန်းရှိခဲ့ရာမှ လျော့ကျသွားခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ အီသနောရောစပ်ခြင်းအစီအစဉ်တွင် ပြောင်းကို အဓိကကုန်ကြမ်းအဖြစ် သိသိသာသာ ပြောင်းလဲအသုံးပြုလာခြင်းသည် မြန်မာ့ပြောင်းသီးနှံ (Yellow Maize) တင်ပို့မှုကဏ္ဍ အတွက် အရေးပါသော ဈေးကွက်အခွင့်အလမ်းသစ်တစ်ခု ဖြစ်လာနိုင်ကြောင်း သုံးသပ်ရပါသည်။ အိန္ဒိယ နိုင်ငံ၏ ပြည်တွင်းပြောင်းဝယ်လိုအားမှာ အီသနောစက်ရုံများ၏ လိုအပ်ချက်ကြောင့် ဆက်လက်မြင့် တက်နေဦးမည်ဖြစ်ရာ၊ မြန်မာနိုင်ငံအနေဖြင့် ပထဝီဝင်အနေအထားအရ နီးစပ်မှုနှင့် ထုတ်လုပ်မှုစွမ်းအားကို အသုံးချ၍ အိန္ဒိယ၏ သွင်းကုန်မူဝါဒများနှင့် အရည်အသွေးစံနှုန်းများကို ကိုက်ညီအောင် ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံကုန်သွယ်မှုတွင် ပြောင်းသီးနှံ တင်ပို့မှုကို ပိုမိုတိုးမြှင့်ဖော်ဆောင်နိုင်မည့် အလားအလာကောင်းများ ရှိနေကြောင်း တင်ပြလိုက်ရပါသည်။

**ကောင်းထွဋ်အောင်**

The Hindu Businessline, Maize now accounts for close to half of ethanol produced in India, February 19, 2026.

# ထိုင်းမှ စင်ကာပူသို့ ဝက်သားတင်ပို့နိုင်မည့် အခွင့်အလမ်းများ ပွင့်လင်းလာတော့မည်



**ထိုင်း**နိုင်ငံ တိရစ္ဆာန်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှု ဦးစီးဌာနမှ ကိုယ်စားလှယ်များသည် ဝက်သား တင်ပို့မှုဆိုင်ရာ သဘောတူညီချက်ကို အပြီးသတ်ရန်အတွက် ယခုလအတွင်း စင်ကာပူနိုင်ငံသို့ သွားရောက်ရန် စီစဉ်ထားပါသည်။ ထိုင်းနိုင်ငံရှိ ဝက်သားထုတ်လုပ်သည့် စက်ရုံများ စစ်ဆေးခြင်းလုပ်ငန်း ကို စင်ကာပူအာဏာပိုင်များက ဆောင်ရွက်ပြီးစီးခဲ့ပြီ ဖြစ်သည်။

ဆက်စပ်သတင်းများအရ မလေးရှားနိုင်ငံသို့ ပထမဆုံးအကြိမ် တင်ပို့မည့် ဝက်သားများတွင် အအေးခံထားသော ဝက်ကိုယ်ထည်တစ်ခြမ်းများ (half carcasses) နှင့် ဝက်လည်ပင်းသား၊ ပေါင်သား၊ ခြေထောက်သား စသည့် အစိတ်အပိုင်းအမျိုးမျိုး ပါဝင်မည်ဖြစ်ကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြခဲ့ကြသည်။ တင်သွင်းသူများသည် အဆိုပါ ထုတ်ကုန်များကို မလေးရှားတစ်ဝန်းရှိ လက်လီအရောင်းဆိုင်များနှင့် အစားအသောက် ဝန်ဆောင်မှုလုပ်ငန်းများသို့ ဖြန့်ဖြူးရောင်းချသွားမည်ဟု မျှော်လင့်ရသည်။

**TTP**

www.asian-agribiz.com
(9 March 2026)

စာ-၂ မှ

မှု ကွန်ယက် ပိုမို ကောင်းမွန်စေရေးနှင့်မျိုးစေ့ကဏ္ဍတွင် Public-Private Partnership (PPP) ပိုမိုကောင်းမွန် လာစေရေးစသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ မျိုးစေ့သည် စိုက်ပျိုး ရေးဆိုင်ရာ အခြေခံသွင်းအားစုများအနက် အဓိကအကျဆုံး သွင်းအားစု ဖြစ်ခြင်းကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက် မှု၏ အခြေခံအကြောင်းအရင်းတစ်ခုဖြစ်သော မျိုးစေ့အခန်း ကဏ္ဍသည် အလွန် အရေးပါပြီး အထောက်အပံ့ပေးနိုင်မှု အမြင့်ဆုံးဖြစ်ပါကြောင်း၊ ခိုင်မာသော မျိုးစေ့လုပ်ငန်း တစ်ခုဟူသည် အရည်အသွေးပြည့်မီသော မျိုးစေ့များကို လိုအပ်သောအချိန်၊ လိုအပ်သောနေရာ တွင် လိုအပ်သောပမာဏကို သင့်တော်သော နှုန်းထားဖြင့် တောင်သူ လယ်သမားများရရှိရန် ဆောင်ရွက်ပေးနိုင်ခြင်း ဖြစ်ပါကြောင်း စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက ပြောကြားသည်။

ပြပွဲကျင်းပစဉ်ကာလအတွင်း တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးလုပ်ငန်းကိုစိတ်ပါ ဝင်စားသူများအတွက် စိုက်ပျိုးရေးဆိုင်ရာ ဉာဏ်စမ်းပဟေဠိ အဖြေညှိအစီအစဉ် နှင့် “တောင်သူကို ဗဟိုပြုသော ဂေဟစနစ်အခြေပြုစိုက်ပျိုးရေးစနစ် နှင့် ဇီဝစီးပွားရေး” ခေါင်းစဉ်ဖြင့် တောင်သူ နည်းပညာဆွေးနွေးပွဲကို ထည့်သွင်းကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**MOALI**

www.agribiznews.com.mm နှင့် ePaper တို့တွင် ကြော်ငြာများထည့်သွင်းနိုင်ပါပြီ

# ကြက်ငှက်တုပ်ကွေးနှင့် ကြက်မွေးမြူထုတ်လုပ်ရေး

ရဲထွန်းဝင်း



အလုံပိတ်ကြက်မွေးမြူရေးခြံ(Evaporated Poultry Farm)

ကြက်ငှက်တုပ်ကွေးရောဂါ (Avian Influenza) ဆိုသည်မှာ ကြက်ငှက်များတွင် ဖြစ်ပွားသော အလွန်လျင်မြန်စွာ ကူးစက်လွယ်သည့် ဗိုင်းရပ်စ်ရောဂါတစ်မျိုးဖြစ်ပြီး Influenza A ဗိုင်းရပ်စ်များ (အထူးသဖြင့် H5 နှင့် H7 မျိုးကွဲများ) ကြောင့် ဖြစ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကို နှစ်မျိုးခွဲခြားထားပါသည် "သေဆုံးမှုနည်းပြီး လက္ခဏာမထင်ရှားသော အပျော့စား ကြက်တုပ်ကွေး (LPAI)" "သေဆုံးမှုမြင့်မားပြီး ပြင်းထန်သည့် ရောဂါလက္ခဏာများ တွေ့ရသည့် အပြင်းစား ကြက်တုပ်ကွေး (HPAI)" ဟူ၍ ဖြစ်ပါသည်။ အပြင်းစားကြက်ငှက် တုပ်ကွေးရောဂါ (HPAI အထူးသဖြင့် H5N1 မျိုး) သည် သေဆုံးမှု ၉၀-၁၀၀ ရာခိုင်နှုန်းအထိ ဖြစ်စေနိုင်ပါသည်။ စီးပွားရေးဆုံးရှုံးမှုအလွန်ကြီးမားပါသည်။ လူသို့ ကူးစက်နိုင်သော ရောဂါဖြစ်ပြီး ကူးစက်မှုနည်းပါးသော်လည်း ကူးစက်ပါက သေဆုံးမှု ၅၀ရာခိုင်နှုန်း အထိရှိပါသည်။

ရောဂါကူးစက်ခြင်းမှာ ရောဂါရှိသော ငှက်များနှင့် တိုက်ရိုက်ထိတွေ့ခြင်း၊ ရောဂါဖြစ်ပွားသော တိရစ္ဆာန်/အညစ်အကြေးတို့နှင့်ထိတွေ့ထားသော အစာ၊ ရေ၊ အသုံးအဆောင်ပစ္စည်းများနှင့် ထိတွေ့ခြင်း၊ ကြက်ဘဲအရှင်ဈေးများ (Live Bird Markets) ၊ နေရာပြောင်းရွှေ့လေ့ရှိသော သဘာဝငှက်များ (Migratory wild bird) မှတစ်ဆင့် ကူးစက်ကြပါသည်။ မြင့်မားသော အပူချိန် (၇၀ ဒီဂရီစင်တီဂရိတ်) တွင် ရောဂါပိုးပျက်စီးစေနိုင်ပါသည်။ သို့ပါသဖြင့် ကြက်သားနှင့်ကြက်ဥများကို အပြည့်အဝ ချက်ပြုတ်စားသုံးပါက အန္တရာယ်ကင်းပြီး လုံခြုံစိတ်ချရပါသည်။

## ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှု

ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့မှ ကြက်ငှက်တုပ်ကွေးရောဂါသည် နယ်စပ်ဖြတ်ကျော် တိရစ္ဆာန် ရောဂါများအနက် အပြင်းထန်ဆုံး တစ်ခုအဖြစ် သတ်မှတ်ထားပါသည်။ ကြက်ငှက် တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် ကမ္ဘာ့နိုင်ငံများတွင် ကြက်မွေးမြူရေးလုပ်ငန်းများမှ ကြက်သန်းပေါင်းများစွာဆုံးရှုံးခြင်း၊ နိုင်ငံတကာကုန်သွယ်ရေးထိခိုက်ခြင်း၊ သဘာဝတောရိုင်းငှက်မျိုးစိတ်များ လျော့နည်းခြင်းနှင့် ကြက်မွေးမြူရေး မတည်ငြိမ်မှုများ ဖြစ်ပေါ်စေပါသည်။ လူတွင် ရောဂါကူးစက်ဖြစ်ပွားမှု အလွန်နည်းသော်လည်း ရောဂါကူးစက်လာပါက သေဆုံးနှုန်းသည် ၅၀ ရာခိုင်နှုန်းကျော်ရှိပါသည်။ တိရစ္ဆာန်မှ လူသို့ကူးစက်နိုင်သော ဗိုင်းရပ်စ်ရောဂါပိုးအဖြစ် ပြောင်းလဲနိုင်မှုကြောင့် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ အန္တရာယ် အဖြစ် သတ်မှတ်ထားပါသည်။

ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့သော ဒေသများမှာ အာရှဒေသ၊ ဥရောပဒေသ၊ အာဖရိကဒေသ၊ မြောက်အမေရိကဒေသ နှင့် တောင်အမေရိကဒေသတို့ဖြစ်ပါသည်။ နွား၊ မြေခွေး၊ ကဲ့သို့ နို့တိုက်တိရစ္ဆာန် များထံသို့ ကူးစက်မှုတွေ့ရှိလာခြင်းသည် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှု တိုးလာနေကြောင်း တွေ့ရပါသည်။ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေး အဖွဲ့မှ တစ်ခုတည်းသောကျန်းမာရေးစနစ် (One Health)တွင် တိရစ္ဆာန်ကျန်းမာရေး၊ လူကျန်းမာရေးနှင့် ပတ်ဝန်းကျင်ကျန်းမာရေးတို့ကို ပေါင်းစည်းပြီး စနစ်တကျ အလေးထားဆောင်ရွက်ရန် နှိုးဆော်လျက်ရှိပါသည်။ အဓိက ဆောင်ရွက်ချက်များမှာ ကမ္ဘာလုံးဆိုင်ရာ တိရစ္ဆာန် ကျန်းမာရေး သတင်းပေးမှုစနစ် (World Animal Health Information System-WAHIS) မှတစ်ဆင့် ရောဂါဖြစ်ပွားမှုများကို အချိန်နှင့်တစ်ပြေးညီတင်ပြခြင်း၊ ကြက်နှင့်ဆောင်ခိုငှက်များအပြင် တောရိုင်းတိရစ္ဆာန် များတွင် စောင့်ကြည့်စစ်ဆေးမှု (Surveillance) ဆောင်ရွက်ခြင်း၊ ဇီဝလုံခြုံမှု (Biosecurity) နှင့် ကာကွယ်ဆေး အသုံးပြုမှုအတွက် လမ်းညွှန်ချက်များ ထုတ်ပြန်ပေးခြင်း၊ ဓာတ်ခွဲစစ်ဆေးမှု အရည်အသွေးမြှင့်တင်ရန် (OFFLU network) မှတစ်ဆင့် ပံ့ပိုးကူညီခြင်း၊ မလိုအပ်သောကုန်သွယ်ရေးကန့်သတ်ချက်များ လျှော့ချနိုင်ရန် ကုန်သွယ်ရေး စံနှုန်းများသတ်မှတ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိအခြေအနေတွင် လူကျန်းမာရေးအတွက် အရေးကြီးအဆင့် မရောက်သေးသော်လည်း အရေးပေါ်တုံ့ပြန်မှု၊ မြန်ဆန်မှုနှင့် အချက်အလက်ဖော်ပြမှု ပြတ်သား မှန်ကန်မှု (Transparency) ရှိရန် အလွန်အရေးကြီးပါသည်။



ကြက်မွေးမြူရေးခြံ (Open House Poultry Farm)

## မြန်မာနိုင်ငံတွင်ဖြစ်ပွားမှု

မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ်တွင် စတင် တွေ့ရှိခဲ့ပါသည်။ အပြင်းစား ကြက်ငှက်တုပ်ကွေးရောဂါ H5N1 clade 2.3.2.1c မျိုးကွဲများ တွေ့ရှိခဲ့ပါသည်။ ၂၀၀၆ မှ ၂၀၂၃ အတွင်း ကူးစက်လှိုင်း ၉ ကြိမ်ဖြစ်ပွားခဲ့ပါသည်။ စစ်ကိုင်း၊ မန္တလေး၊ ရန်ကုန်၊ မွန်၊ ပဲခူး၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဖြစ်ပွားခဲ့ပါသည်။ ရောဂါစူးစမ်းထောက်လှမ်းချက်များအရ ဘဲများတွင် H5 ရောဂါခံတုန့်ပြန်မှု ၁၆ ရာခိုင်နှုန်း တွေ့ရှိရပြီး၊ အပျော့စား ကြက်ငှက်တုပ်ကွေး ရောဂါလက္ခဏာ ၄၀ ရာခိုင်နှုန်း တွေ့ရှိရပါသည်။ ရန်ကုန် ကြက်ဘဲအရှင်ဈေးများတွင် ရောဂါပိုးများ တွေ့ရှိရပါသည်။ ၂၀၂၄-၂၀၂၅ ခုနှစ် အတွင်း အပြင်းစား ကြက်ငှက်တုပ်ကွေး ရောဂါကို ရေဝတီ၊ ပဲခူး၊ မန္တလေး၊ စစ်ကိုင်း ဒေသအတွင်း အချို့နေရာများတွင် တွေ့ရှိရပါသည်။

ရောဂါကူးစက်ဖြစ်ပွားရခြင်းမှာ ကြက်ငှက်အရှင်နှင့် ဆောင်းခိုငှက်များနေရာရွှေ့ပြောင်းမှု၊ ဘဲများကို ကွင်းများတွင် လွတ်လပ်စွာမွေးမြူခြင်း၊ နယ်စပ်ဖြတ်ကျော်ကြက်ငှက်ကုန်သွယ်မှု၊ နိုင်ငံအတွင်း ရောဂါစူးစမ်းထောက်လှမ်းမှုအား အကန့်အသတ်ဖြင့်သာဆောင်ရွက်နိုင်မှုတို့သည် ရောဂါဖြစ်ပွားမှုကို ကာကွယ်တားဆီးနိုင်မှုအတွက် အားနည်းချက်များ ဖြစ်ပါသည်။

## မြန်မာနိုင်ငံတွင် ရောဂါကာကွယ်ထိန်းချုပ်မှု ဆောင်ရွက်ခြင်း

- **မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ် ၇၆ ခုအတွင်း အန္တရာယ်အခြေပြုစောင့်ကြည့်စစ်ဆေးခြင်း (Risk-based surveillance)၊** တိရစ္ဆာန်ကျန်းမာရေး လုပ်သားများမှ ကျေးရွာအခြေပြု ပါဝင်ဆောင်ရွက်ခြင်းနှင့် ဓာတ်ခွဲခန်းစွမ်းရည်မြှင့်တင်ခြင်း စဉ်ဆက်မပြတ်မြှင့်တင်လျက်ရှိပါသည်။
- **ကြက်ဘဲဈေးကွက်များ၊ ရောဂါဖြစ်ပွားနိုင်သောဒေသများနှင့် မွေးမြူရေးခြံများတွင် အန္တရာယ် အခြေပြု စောင့်ကြည့်စစ်ဆေးခြင်း (Risk-based surveillance)** ဆောင်ရွက်လျက်ရှိပါသည်။
- ဓာတ်ခွဲခန်းများတွင် H5/H7 အတွက် PCR ဖြင့် မြန်ဆန်စွာ စစ်ဆေးပါသည်။ အပြည်ပြည်ဆိုင်ရာ ရောဂါကာကွယ်ထိန်း

စာ-၉ သို့

စာ-၈ မှ


ဆောင်းခိုငှက် (Wild Bird)

ချုပ်ခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါသည်။

- ရောဂါဖြစ်ပွားသောခြံများမှ ကြက်ငှက်များကို ချက်ချင်းဖယ်ရှားခြင်း (Stamping-out)၊ ကြက်ငှက် နှင့်ထွက်ကုန်များ ကူးသန်းသွားလာမှု ကန့်သတ်နယ်မြေ သတ်မှတ်ခြင်း၊ ကြက်ငှက်အသေများကို လုံခြုံစွာစွန့်ပစ်ခြင်း၊ သန့်ရှင်းရေးနှင့်ပိုးသတ်ခြင်းအား စနစ်တကျ ဆောင်ရွက်ခြင်း၊
- ရောဂါ ဖြစ်ပွားပါက ချက်ချင်း ဆောင်ရွက်ရမည့် အမိန့်ညွှန်ကြားချက်များ၊ ကြက်ငှက်များ ရွှေ့ပြောင်းမှုထိန်းချုပ်ခြင်း၊ ကာကွယ်ဆေးအသုံးပြုမှုဆိုင်ရာမူဝါဒချမှတ် ဆောင်ရွက်ခြင်း၊
- တစ်ခုတည်းသော ကျန်းမာရေး (One Health) အတွက် တိရစ္ဆာန်နှင့် လူကျန်းမာရေးအဖွဲ့အစည်း များ ပူးပေါင်းခြင်း၊ လူသို့ ကူးစက်နိုင်မှု စောင့်ကြည့်ခြင်း၊

မွေးမြူရေးသမားများသည် အရေးအကြီးဆုံး ရှေ့တန်းကာကွယ်ရေးအင်အားအဖွဲ့ ဖြစ်ပြီး အောက်ပါလုပ်ငန်း များဆောင်ရွက်ရန် လိုအပ်ပါသည်။

- ဇီဝလုံခြုံရေးအတွက်သီးခြားထားရှိခြင်း (Isolation)၊ လုံခြုံသော မွေးမြူရေး ခြံစနစ်အသုံးပြုခြင်း၊ သွားလာလှုပ်ရှားမှု ထိန်းချုပ်ခြင်း (Traffic Control)၊ ခြံသို့လာရောက်သူကန့်သတ်ခြင်း၊ ခြံတွင်းဝင်ရောက်သောယာဉ်၊ ဖိနပ်နှင့်အသုံးအဆောင်ပစ္စည်းများပိုးသတ်ခြင်း၊ သန့်ရှင်းရေး (အစာခွက်၊ ရေခွက်၊ နေ့စဉ်သန့်ရှင်းခြင်းနှင့်အညစ်အကြေးစနစ်တကျ စွန့်ပစ်ခြင်း) စနစ်တကျ ဆောင်ရွက်ရပါမည်။
- မွေးမြူရေးသမားများသည် ထူးခြားသောကြက်သေဆုံးမှုကို ချက်ချင်းအကြောင်း ကြားရမည်၊ မကျန်းမာသော ကြက်ငှက်များကို ရောင်းချခြင်းမပြုရ၊ ရောဂါဖြစ်ပါက ချက်ချင်းဖယ်ရှားခြင်း (Stamping-out) လုပ်ငန်းများတွင် ပူးပေါင်းရမည်၊ ကာကွယ်ဆေး အသုံးပြုမှုဆိုင်ရာ ညွှန်ကြား ချက်များ လိုက်နာရမည်၊ မှုတသော ထောက်ပံ့မှုစနစ်များ ဖော်ဆောင်ရမည်၊ မွေးမြူရေးဆိုင်ရာ အာမခံစနစ် ဖော်ထုတ်ရမည်၊ မွေးမြူရေးသမားများ၏ပူးပေါင်းမှုဆောင်ရွက်မှုနှင့် စောစီးစွာ သတင်းပေးအကြောင်းကြားမှုသည် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကို ထိန်းချုပ်မှုအတွက် အလွန်အရေးကြီးပါသည်။

## ဈေးကွက်အကြပ်အတည်းနှင့် စားသုံးမှု စီမံခန့်ခွဲခြင်း

- ကြက်ငှက် တုပ်ကွေးရောဂါ HPAI ဖြစ်ပွားပါက မွေးမြူသူများသာမက ပြည်သူများကြားတွင် ထိခိုက်မှုများစွာရှိပါသည်။ ကြောက်ရွံ့မှုကြောင့် ကြက်သားစားသုံးမှု ကျဆင်းခြင်းကာကွယ်ရန် လိုအပ်ပါသည်။ ဈေးနှုန်းမတည်ငြိမ်မှုကို ကြီးကြပ်ရန်နှင့် တရားမဝင်ရောင်းဝယ်မှုအန္တရာယ်ကိုကာကွယ် တားဆီးရန်လိုအပ်ပါသည်။ ဈေးကွက်ဦးတည်သော စီးပွားရေးစနစ်အောက်တွင် ထုတ်လုပ်မှုနှင့် စားသုံးမှု နှစ်ဖက်စလုံးကို စနစ်တကျစီမံခန့်ခွဲရန် လိုအပ်ပါသည်။
- ထုတ်လုပ်မှုဆိုင်ရာ တည်ငြိမ်ရေးအတွက် ရောဂါဖြစ်ပွားမှုကို ၂၄ နာရီအတွင်း ထိန်းချုပ်ရန် လိုအပ်ပါသည်။ သင်တင့်မှုတသောထောက်ပံ့မှု ဖော်ဆောင်ရန် လိုအပ်ပါသည်။ ဇီဝလုံခြုံမှု (Biosecurity) မြှင့်တင်ခြင်းနှင့် ကာကွယ်ဆေးအသုံးပြုမှုဆိုင်ရာညွှန်ကြားချက်ကို တိကျစွာ လိုက်နာ ရန်လိုအပ်ပါသည်။ ဇီဝလုံခြုံမှု (Bio-security) မြင့်မားသော ခြံများကို(Compertament) ဖော်ထုတ်စီမံခန့်ခွဲရန်လိုအပ်ပါသည်။
- စားသုံးသူယုံကြည်မှုတည်ဆောက်ရပါမည်။ သတင်းမှန်များကို နားလည်သဘောပေါက်အောင် ရှင်းလင်းတင်ပြရပါမည်။ ကောင်းမွန်စွာကျက်အောင်ချက်ပြုတ်ထားသော ကြက်သားသည် လုံခြုံမှုရှိကြောင်း ရှင်းလင်းပြောကြားရမည်။ ရောဂါဖြစ်ပွားမှုကို ပွင့်လင်းမြင်သာစွာ ထုတ်ပြန် ရမည်။ လုံခြုံစိတ်ချရသောခြံများ (compartment) အတည်ပြုရမည်။ ဈေးများ/စားသုံးသူများ ဝယ်ယူရာ နေရာများတွင် သန့်ရှင်းရေးနှင့် ရောဂါကင်းရှင်းရေးစနစ်တကျဆောင်ရွက်ရမည်။
- စီးပွားရေးတည်ငြိမ်ရေးအတွက် မျိုးကြက်များ ရရှိရေး ဆောင်ရွက်ရမည်။ ကြက်မျိုးထုတ်ခြံ


ကြက်သေများအား စနစ်တကျမြှုပ်နှံခြင်း

များ စနစ်တကျ မျိုးထုတ်နိုင်ရေး ဆောင်ရွက်ရမည်။ ဥဖောက်စက်သန့်ရှင်းရေးနှင့် ရောဂါကင်းရေး ဆောင်ရွက်ရမည်။ အစာစက်ရုံများအရည်အသွေးမှန်ပြီး သန့်ရှင်းသော အစာများ ထုတ်လုပ်နိုင်ရေး ကြီးကြပ်ရပါမည်။ ကြက်ဘဲအရှင်ဈေးများ သတ်မှတ်ထားသော စည်းကမ်းနှင့် အညီ ဆောင်ရွက်ရန် စီစစ်ကြပ်မတ်ရပါမည်။ ကြက်များပြန်လည်ဖြည့်တင်းမွေးမြူရန် အားပေးဆောင်ရွက်ရပါမည်။ နယ်စပ်ဖြတ်ကျော်ရောဂါ ကာကွယ်ထိန်းချုပ်မှုတွင် သက်ဆိုင်ရာဌာနများ၊ မွေးမြူသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ရမည်။

## ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှု ကြိုတင်ကာကွယ်ခြင်း

- အရေးပေါ်တုံ့ပြန်မှုကို စနစ်တကျဆောင်ရွက်ပြီး ကြိုတင်ကာကွယ်ရေးစနစ်ကို ခိုင်မာစွာ တည်ဆောက်ရပါမည်။ တစ်ခုတည်းသော ကျန်းမာရေးစနစ် (One Health) ခိုင်မာစွာ ပူးပေါင်းဆောင်ရွက်ရပါမည်။
- ဓာတ်ခွဲခန်းစွမ်းရည် စဉ်ဆက်မပြတ် မြှင့်တင်ရပါမည်။ ပြည်တွင်းလုံခြုံရေးအတွက် ကမ္ဘာ့ တိရစ္ဆာန်ကျန်းမာရေးအဖွဲ့၏သတ်မှတ်ထားသောအခြေခံလိုအပ်ချက် ပြည့်မီရန်ဖြစ်သော်လည်း နိုင်ငံတကာကုန်သွယ်မှု ဆောင်ရွက်ပါက သတ်မှတ်အဆင့်မီအောင် ဆောင်ရွက်ရမည်။
- ပြည်တွင်း အဓိကကျသော နေရာများတွင် စူးစမ်းထောက်လှမ်းခြင်းနှင့်စောင့်ကြည့်စစ်ဆေးခြင်းကို တိုးချဲ့ဆောင်ရွက်ရပါမည်။
- အပျော့စား ကြက်ငှက်တုပ်ကွေးရောဂါ (LPAI) သည် ဘဲများတွင် ဖြစ်ပေါ်စေပြီး ဆိုးရွားသော ပျက်စီးဆုံးရှုံးမှု မရှိသော်လည်း ရောဂါပိုးကို အစဉ်သယ်ဆောင်ပြီး ကူးစက်စေနိုင်သဖြင့် ပြည်တွင်း ဘဲမွေးမြူမှု ကို စဉ်ဆက်မပြတ် ကြီးကြပ်ရပါမည်။
- ဇီဝလုံခြုံရေး (Biosecurity) စနစ်တကျဆောင်ရွက်သော ခြံများဖြစ်အောင် ကြီးကြပ်ရပါမည်။ အာမခံစနစ်ပါဝင်သောဇီဝလုံခြုံရေးစနစ်တည်ဆောက်သော မွေးမြူရေးခြံများ ဖြစ်ပေါ်လာရေး စည်းရုံးဆောင်ရွက်ရပါမည်။
- စည်းကမ်းနှင့်အညီ စနစ်ကျသော ရန်ပုံငွေစနစ်ထူထောင်ပြီး ရောဂါဖြစ်ပွားမှုကာကွယ်ခြင်း၊ ပျက်စီး ဆုံးရှုံးမှုအတွက် ထောက်ပံ့ခြင်း ဆောင်ရွက်ရပါမည်။

ကြက်ငှက်တုပ်ကွေးရောဂါ (အပြင်းစား/အပျော့စား-HPAI/LPAI) သည်


ကွင်းလှတ်ဘဲမွေးမြူရေး

စာ-၁၅ သို့

# စိုက်ပျိုးမွေးမြူရေးပညာနှင့် နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း – ၄၄)

## ဩစတေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ် စိုက်ပျိုးမွေးမြူရေးဆိုင်ရာအထက်တန်းကျောင်းများ

ဒေါက်တာမျိုးကြွယ်
ပါမောက္ခချုပ်(ငြိမ်း)

(ယခင်အပတ်မှအဆက်)

### Agricultural High Schools in NSW, Australia

ဩစတေးလျနိုင်ငံ၊ နယူးဆောက်ဝေးပြည်နယ်တွင် စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းများ (Agricultural High Schools) ဆိုသည်မှာ ပြည်သူအများပိုင် အထက်တန်းကျောင်း (Public School) အမျိုးအစားတစ်ခုဖြစ်ပြီး စိုက်ပျိုးရေး၊ သိပ္ပံနှင့် ကျေးလက်ဒေသလုပ်ငန်းများကို စိတ်ဝင်စားပြီး ပညာရေးအရ ထူးချွန်သော ကျောင်းသားများအတွက် ရည်ရွယ်ထားပါသည်။

ဤအထက်တန်းကျောင်းများမှာ ၇ တန်းနှစ် (Year 7) မှ ၁၀ တန်းနှစ် (Year 10) အထိ စိုက်ပျိုး၊ မွေးမြူရေး (Agriculture) ဘာသာကို မဖြစ်မနေ သင်ယူရပါသည်။ ပုံမှန်သင် ဘာသာရပ် (Academic subjects) များ နှင့်အတူ လက်တွေ့စိုက်ပျိုးရေး၊ စိုက်မွေး လက်တွေ့ကွင်းသိပ္ပံ (Farm science) များကို သင်ကြားရပါသည်။ ကျေးလက်ဒေသ ဝေးလံသောနေရာမှ ကျောင်းသားများအတွက် ကျောင်းအိပ်၊ ကျောင်းစား၊ စားသောက်၊ နေထိုင်နိုင်သော ကျောင်းဆောင် (Boarding facility) ပံ့ပိုးမှု ပါရှိပါသည်။

ဤနယူးဆောက်ဝေးပြည်နယ်တွင် စိုက်ပျိုးမွေးမြူရေး အထက်တန်း ကျောင်းများ (Fully Selective Agricultural High Schools in NSW) စုစုပေါင်း ၄ ကျောင်း ရှိပါသည်။ (စိုက်ပျိုးမွေးမြူရေးကျောင်းများစွာဖွင့်လှစ်ခြင်းမရှိဘဲ နည်းနည်းနှင့် အရည်အသွေး မီမီ Quality Agricultural Education စိုက်ပျိုးရေးပညာ ရရှိအောင် ဆောင်ရွက်နေသည်ကို အတုခိုး ရပါမည်)။

(က) ဖာရာအထိမ်းအမှတ် စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း
(Farrer Memorial Agricultural High School)
(ခ) ဟာစတုန်း စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း
(Hurlstone Agricultural High School)
(ဂ) ဂျိန်းရှူးစ် စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း
(James Ruse Agricultural High School)
(ဃ) ရမ်ကို စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း
(Yanco Agricultural High School) တို့ရှိပါသည်။



ရမ်ကို စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း

#### စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းများ (Agricultural High Schools) ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ

(က) စိုက်ပျိုးမွေးမြူရေးကို စိတ်ဝင်စားသော ကျောင်းစားရိတ်လိုအပ်သော ကျောင်းသား/ သူများ (Gifted Students) များကို ပံ့ပိုးခြင်း
(ခ) အလုပ်အကိုင်လမ်းကြောင်း (Career Pathways) များသို့ ပြင်ဆင်ပေးခြင်း

ဥပမာ – စိုက်ပျိုးစီးပွားရေး (Agribusiness)၊ မွေးမြူရေးသိပ္ပံ (Animal Science)၊ အပင် သိပ္ပံ (Plant Science)၊ ပတ်ဝန်းကျင်သိပ္ပံ (Environmental Science)၊ စိုက်ပျိုးရေး အင်ဂျင်နီယာ (Agricultural Engineering) ပညာများဖြင့် ကျေးလက်လူထု အဖွဲ့အစည်း (Rural Communities) အတွက် အနာဂတ် စိုက်ပျိုးမွေးမြူရေး ပညာရှင်များ ပြုစုပျိုး ထောင်ပေးပါသည်။

#### ဝင်ခွင့်ရရှိရန် လိုအပ်ချက်များ (Entry Requirements)

ပုံမှန် လမ်းကြောင်း များမှာ —



ကျောင်းသား/သူများ ကျောင်းဆောင်တွင်း အစားအစာများ



အခြေခံပညာ အလယ်တန်း ဥပမာ ၅ တန်း (Year 5) သို့မဟုတ် ၆-တန်း (Year 6)အစောပိုင်းတွင်လျှောက်ထားနိုင်ပါသည်။ လျှောက်ထားသူများပြားပါက လူနှင့်ကျောင်း နေရာ ရွေးချယ်သော စာမေးပွဲ (Selective High School Placement Test) ဖြေဆို ရပါမည်။ စာမေးပွဲရမှတ် (Academic Result + Test Result) အပေါ် မူတည်၍ ရွေးချယ် ရေးဘုတ်အဖွဲ့က စိစစ်ရွေးချယ်ပေးပါသည်။

#### စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများအတွက် သင့်တော်သော ကျောင်းသား/ သူများ

ပညာတတ် ထူးချွန်သူများ (High Academic Ability)၊ သိပ္ပံနှင့် စိုက်ပျိုးမွေးမြူရေး (Science + Agriculture) စိတ်ဝင်စားသူလူငယ်များ၊ လက်တွေ့စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ (Practical Farm Work) လုပ်ကိုင်နိုင်သူများ၊ ကျေးလက်နေဇာတိ (Rural Background) ဖြစ်သူများ (ကျောင်းအိပ်၊ ကျောင်းစား - Boarding Schools အတွက် အထူးသင့်တော်ပါသည်) အတွက်မူ ထူးချွန်မှုကို အခြေခံပြီး ရွေးချယ်ပါသည်။

ဤအထက်တန်းကျောင်းများသည် အဆောင်မှ တက်ရောက်ရသည်မဟုတ်ဘဲ၊ မိမိအိမ်မှလည်း တက်ရောက်နိုင်ပါသည်။ ကျောင်း ဆောင်နေခွင့်ရဖို့အတွက် ရွေးချယ်ရေးကော်မတီက ကျောင်းသား၊ ကျောင်းသူ၏ မိဘနေရပ်၊ စီးပွားရေး အခြေအနေတို့ကို ကြည့်ပြီး ဆုံးဖြတ်ကြပါသည်။

ငွေကြေးအကူအညီ လိုအပ်ပါက (Financial Supports) လည်း ပညာတော်သင်ဆု အမျိုးမျိုး (Scholarships) ဖြင့် ကျေးလက်ဒေသ ကျောင်းသူ၊ ကျောင်းသားများအတွက် ဦးစားပေးထောက်ပံ့ပေးနေပါသည်။

ဤကျောင်းများမှ ၁၂-တန်း (Year 12) အပြီးတွင် ဩစတေးလျ တက္ကသိုလ်များ ဝင်ခွင့် (ATAR_Australian Tertiary Admission Rank) ရရှိပါသည်။ တက္ကသိုလ် (University) ဝင်ရန် အရေးကြီးဆုံးအချက်မှာ ATAR ဖြစ်ပါသည်။

အထက်တန်းကျောင်းပြီးပါက တက္ကသိုလ် စိုက်ပျိုးမွေးမြူရေးဘွဲ့ (University Agriculture Degree) သို့ ဝင်ရောက်ပြီး ဆက်လက်ပညာသင်ခြင်းပြုလုပ်ကြပါသည်။

နယူးဆောက်ဝေး စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းများ
စာ-၁၁ သို့

စာ-၁၀ မှ

(NSW Agricultural High Schools)မှ ကျောင်းသား၊ ကျောင်းသူများသည် အောက်ပါ တက္ကသိုလ်များသို့ ဝင်ရောက်၍ စိုက်ပျိုးမွေးမြူရေးပညာများ ဆက်လက်သင်ယူကြပါသည် —

(က) ဆစ်ဒနီတက္ကသိုလ် (The University of Sydney) စိုက်ပျိုးမွေးမြူရေးဘွဲ့ (Bachelor of Agricultural Science)/Bachelor of Science (Agriculture major)၊ အပင်သိပ္ပံဘွဲ့ (Plant Science)၊ မွေးမြူရေးနှင့်ကုသရေးဇီဝသိပ္ပံဘွဲ့ (Animal & Veterinary Bioscience) သို့တက်ရောက်သင်ယူနိုင်ပါသည်၊

(ခ) နယူးအင်ဂလန်တက္ကသိုလ် (University of New England) ကျေးလက်သိပ္ပံဘွဲ့ (Bachelor of Rural Science)၊ စိုက်ပျိုးစီးပွားရေး (Agribusiness)၊ မွေးမြူရေးသိပ္ပံ (Livestock & Animal Science) သို့တက်ရောက်သင်ယူနိုင်ပါသည်၊

(ဂ) ချားလ်စတူးဝတ်တက္ကသိုလ် (Charles Sturt University) စိုက်ပျိုးမွေးမြူရေး သိပ္ပံဘွဲ့ (Agriculture)၊ စိုက်ပျိုးစီးပွားရေး (Agribusiness)၊ ဥယျာဉ်ခြံသီးနှံဘွဲ့ (Horticulture) သို့တက်ရောက်သင်ယူနိုင်ပါသည်။

**စာရေးသူ၏အတွေး**

လေ့လာချက်အရ ဩစတေးလျတစ်နိုင်ငံလုံး စိုက်ပျိုးမွေးမြူရေး အထက်တန်း ကျောင်း(၅) ကျောင်းမှ (၁၆) ကျောင်းသာရှိကြောင်း တွေ့ရှိရပါသည်။ (စာရင်းဇယား အတိအကျ မရရှိပါ)၊ သို့သော် ဩစတေးလျတစ်နိုင်ငံလုံး စိုက်ပျိုးမွေးမြူရေး အထက်တန်း ကျောင်းနည်းနည်းသာထားပြီး နိုင်ငံတော်အစိုးရမှ ပံ့ပိုးမှုများစွာရှိကာ စိုက်ပျိုးမွေးမြူရေး ဆိုင်ရာထူးချွန်၊ ဝါသနာပါသောလူငယ်များစွာကိုအလယ်တန်းအထက်တန်း ဘဝကတည်းက အရည်အသွေးမြင့် (High Quality)၊ အဆင့်မြင့်တက္ကသိုလ်များ အထိ ပေါက်မြောက် ထူးချွန်ကာ (Outstanding Agricultural students up to Tertiary Education Institutions) ဩစတေးလျနိုင်ငံကို ပြန်လည် အလုပ်အကျွေးပြုပေးနိုင်မည့် စိုက်ပျိုး မွေးမြူရေးပညာရှင်များ သီးသန့် ပျိုးထောင်ပေးသည့် အစီအစဉ် ဖြစ်ပါသည်။

(အားကျအတုယူရပါသည်)

**ဒေါက်တာမျိုးကြွယ်**

(ဆက်လက်ဖော်ပြပါမည်)




ကျောင်း၊ တက္ကသိုလ်များပြီးပါက အလုပ်အကိုင်လမ်းကြောင်းများ

# ဗီယက်နမ် အလယ်ပိုင်းဒေသတွင် ပရိုတင်းဓာတ် ဖူလုံစေရန် ရွှေရောင်ငါးမုတ် မွေးမြူမှု မြှင့်တင်ဆောင်ရွက်လျက်ရှိ

ဗီယက်နမ် အလယ်ပိုင်း ကမ်းရိုးတန်း ပြည်နယ်များသည် ပြည်တွင်း ပရိုတင်းဓာတ် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ရွှေရောင်ငါးမုတ် (Golden Pompano) မွေးမြူထုတ်လုပ်မှုကို တိုးချဲ့ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

Quang Tri နှင့် Ha Tinh ပြည်နယ်များရှိ ဒေသန္တရအာဏာပိုင်များသည် VietGAP စံနှုန်းနှင့်အညီ မွေးမြူသည့် ပုံစံများနှင့် ဈေးကွက်ချိတ်ဆက်မှု အစီအစဉ်များကို မြှင့်တင်ပေးနေကြသည်။ ယင်းမှာ ဝက်သားဈေးနှုန်း မတည်ငြိမ်မှုနှင့် အမဲသားဈေးနှုန်း မြင့်တက်နေမှုများအကြား ပင်လယ်ငါးကို အစားထိုး ပရိုတင်းတစ်မျိုးအဖြစ် ရည်ရွယ်လုပ်ဆောင်ခြင်း ဖြစ်သည်။

Ha Tinh ပြည်နယ်ရှိ စမ်းသပ်မွေးမြူရေးခြံများတွင်တစ်ဟက်တာလျှင် ၉ တန်မှ ၁၁ တန်အထိ ထွက်ရှိကြောင်း သိရပြီး ခြံဖမ်းဈေးမှာ တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ ခန့် ရှိသည်။ လက်ရှိတွင် ဟက်တာ ၅၀ ကျော်တွင် မွေးမြူထုတ်လုပ်လျက် ရှိသည်။



အဆိုပါ တိုးချဲ့မှုအများစုမှာ အကျိုးအမြတ်နည်းပါးသော ပုစွန်ကန်များကို ပြန်လည်အသုံးချခြင်း ဖြစ်ပြီး ကမ်းရိုးတန်း အခြေခံ အဆောက်အအုံများကို ပြုပြင်ပြောင်းလဲခြင်းဖြင့် ပုစွန်ရောဂါနှင့် ရာသီဥတုဆိုင်ရာ အန္တရာယ်များမှ ရှောင်လွှဲနိုင်ရန် ဆောင်ရွက်ခြင်း ဖြစ်သည်။

လုပ်ငန်းစောင့်ကြည့်လေ့လာသူများ၏ အဆိုအရ ယခုဖြစ်ထွန်းမှုသည် စားသုံးသူများက ရေထွက်ကုန်များဆီသို့ ပိုမိုအာရုံစိုက်လာခြင်းနှင့် သမရိုးကျ မွေးမြူရေးလုပ်ငန်းများအပြင် အခြားအသားကဏ္ဍများကို ချဲ့ထွင်ရန် ပြည်နယ်အာဏာပိုင်များ၏ ကြိုးပမ်းမှုကို ထင်ဟပ်စေကြောင်း သိရသည်။

**TTP**

www.asian-agribiz.com
(9 March 2026)

**စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့်ဈေးကွက်ရရှိစေရန်
စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း၊ ကောင်းမွန်သောရေသတ္တဝါ မွေးမြူရေးကျင့်စဉ်၊
ကောင်းမွန်သောတိရစ္ဆာန်မွေးမြူရေးကျင့်စဉ် တို့ကို လိုက်နာကျင့်သုံးပါ။**




၁၀-၃-၂၀၂၆ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။

## ဆန်ဈေးကွက်

ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်းလမ်း)တွင် ထုတ်ပြန်ထားသည့် ဆန်ဈေးနှုန်းများအရ ရွှေဘိုပေါ်ဆန်းဆန် အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၇၀၀၀၀ ကျပ်နှုန်းနှင့်အောက်စတစ်အိတ်လျှင် ၁၆၅၀၀၀ကျပ်နှုန်း၊ ဖျာပုံပေါ်ဆန်း ဆန်ဟောင်းအလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၂၅၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ် လျှင် ၁၂၀၀၀၀ကျပ်နှုန်း၊ ဖျာပုံပေါ်ဆန်း သစ်အလတ်စတစ်တင်းခွဲ တစ်အိတ် လျှင် ၁၁၀၀၀၀ ကျပ်နှုန်းနှင့် အောက်စ တစ်အိတ်လျှင် ၁၀၅၀၀၀ကျပ်နှုန်း၊ ဧယာဆန် အလတ်စ တစ်တင်းခွဲ တစ်အိတ် လျှင်၅၅၀၀၀ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၅၄၀၀၀ ကျပ်နှုန်း၊ ညိုမထ ဆန်ကြမ်း ၁၅ ရာခိုင်နှုန်း လတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၅၁၅၀၀ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၅၁၀၀၀ ကျပ်နှုန်း၊ ငစိန်ဆန် အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၅၁၅၀၀ကျပ်နှုန်းနှင့် အောက်စ တစ်အိတ်လျှင်၅၁၀၀၀ကျပ်နှုန်းဖြင့် ရောင်းဝယ်လျက်ရှိကြောင်းသိရသည်။ ယခင်အပတ်ဈေးနှုန်း များနှင့်နှိုင်းယှဉ်ပါက ဖျာပုံပေါ်ဆန်း ဆန်သစ်အလတ်စတစ်တင်းခွဲတစ်အိတ်လျှင် ၅၀၀၀ ကျပ် ဝန်းကျင်နှင့် ငစိန်ဆန် တစ်အိတ်လျှင် ၁၀၀၀ ကျပ်ဝန်းကျင်ခန့် ဈေးမြင့်ခဲ့ခြင်းဖြစ်သည်။ ဖျာပုံပေါ်ဆန်းဆန်ဟောင်းများ လက်ကျန် နည်းလာချိန်ဖြစ်ခြင်းနှင့် ဖျာပုံပေါ်ဆန်းဆန်သစ်များ အရည်အသွေးပိုမိုခြောက်သွေ့ ကောင်းမွန်လာချိန်ဖြစ်ခြင်းကြောင့် ပေါ်ဆန်း ဆန်သစ်များ ဝယ်လိုအားများကာ အနည်းငယ်ဈေးမြင့်လာခဲ့ခြင်းဖြစ်သည်။ ငစိန်ဆန်မှာလည်း ပြည်ပတင်ပို့ရန် ဝယ်ယူမှုများခြင်းကြောင့် ယခင် အပတ်ထက် အနည်းငယ် ဈေးမြင့်လာခဲ့ခြင်းဖြစ်သည်။ ကျန်ဆန်အမျိုး အစားများမှာ ကုန်အဝင်ပုံမှန်ရှိခြင်း၊ ဆန်ချော၊ ဆန်ကြမ်းရောနှောစားသုံးမှုများခြင်း၊ သင့်တင့်မျှတသော ဈေးနှုန်းများဖြင့် ဆန်ကားများလှည့်လည်ရောင်းချပေးလျက်ရှိခြင်း၊ လိုအပ်သလောက်သာ ပုံမှန်ဝယ်ယူမှုရှိခြင်းတို့ကြောင့် ပြည်တွင်းစားသုံးမှုများသော ဆန်ချော၊ ဆန်လတ်အများစုမှာ ဈေးငြိမ် အရောင်းအဝယ်အေးခဲ့ကြောင်းသိရသည်။ ပြည်ပ ပို့ဆန်ဈေးကွက်တွင်လည်း တရုတ်၊ဖိလစ်ပိုင်နိုင်ငံများသို့ ပိုမိုတင်ပို့ခဲ့ပြီး အခြားသော နိုင်ငံ အချို့သို့လည်း တင်ပို့မှုရှိကြောင်းသိရသည်။ ရန်ကုန်ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ်၊ လပွတ္တာ၊ ရွှေဘို ဒေသများမှ ဆန်ဝင်ရောက်မှုပုံမှန်ရှိခဲ့ကြောင်း သိရသည်။

## အစေ့ထုတ်ပြောင်းဈေးကွက်

အရှေ့အလယ်ပိုင်း ပဋိပက္ခများဖြစ်ပွားနေသည့် ကာလအတွင်း လောင်စာဆီဈေးနှုန်းများမြင့်တက်နေခြင်း၊ ကမ္ဘာ့ရွှေဈေးနှင့် ဒေါ်လာငွေ လဲနှုန်းများမတည်ငြိမ်ခြင်း၊နိုင်ငံတကာကုန်သွယ်ရေးလုပ်ငန်းများတွင် လောင်စာဆီ အကျပ် အတည်း အပေါ်စိုးရိမ်မှုများ မြင့်တက်နေချိန်ဖြစ်ခြင်း၊ ကမ္ဘာ့ရွှေဈေးနှင့် ဒေါ်လာငွေလဲနှုန်းများ မတည်ငြိမ်ခြင်း တို့ဖြစ်ပေါ် ခဲ့သည်။အရှေ့အလယ်ပိုင်းပဋိပက္ခကြောင့် ကုန်သည် ဝယ်လက် များက အခြေအနေစောင့်ကြည့်မှုများဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် အရောင်းအဝယ်အေးပြီး အစေ့ထုတ်ပြောင်းဈေးနှုန်းများမှာ ယခင်အပတ် ဈေးနှုန်းအတိုင်း ၅၄ ပိဿာလျှင် ၈၂၀၈၀ ကျပ်ဖြစ်သည်။ ယခင်လ နောက်ဆုံးရက်သတ္တ ပတ်၏ ဈေးနှုန်းမှာ ၈၂၆၂၀ ကျပ်ဖြစ်ခဲ့သည်။

## ပဲမျိုးစုံဈေးကွက်

အိန္ဒိယနိုင်ငံတွင် ပဲလိုအပ်ချက်များရှိခြင်းကြောင့် မတ်ပဲ(သဘော်တင်)နှင့် ပဲစင်းငုံ(သဘော်တင်)များ ဝယ်လိုအားများခဲ့သည်။ ထို့ကြောင့် မတ်ပဲ(သဘော်တင်)နှင့်ပဲစင်းငုံ(သဘော်တင်)များ ယခင်အပတ်ထက် ဈေးမြင့်လာခဲ့သည်။ မြန်မာပြည်တွင်း၌ မတ်ပဲအဟောင်းရော ပဲသစ်ပါရှိနေခြင်းကြောင့် မတ်ပဲအဟောင်းရော အသစ်ပါ အရောင်းအဝယ်ဖြစ်ကာ ဈေးမြင့်ခဲ့ခြင်းဖြစ်သည်။ မတ်ပဲ(သဘော်တင်) အဟောင်း တစ်တန်လျှင် ယခင်အပတ် ပျမ်းမျှ ဈေးနှုန်းမှာ ၂၉၇၉၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၃၀၀၅၀၀၀ ကျပ်သို့လည်းကောင်း၊ မတ်ပဲ(သဘော်တင်)အသစ် တစ်တန်လျှင် ယခင်အပတ် ပျမ်းမျှ ဈေးနှုန်းမှာ ၂၉၈၉၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၃၀၁၅၀၀၀ကျပ်သို့ လည်းကောင်း ပဲစင်းငုံ(သဘော်တင်) တစ်တန်လျှင် ယခင်အပတ်ပျမ်းမျှ ဈေးနှုန်းမှာ ၃၁၀၃၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၃၁၃၀၀၀၀ ကျပ်သို့ရောက်ရှိဈေးမြင့်ခဲ့သည်။ ယခုရက်သတ္တပတ်အတွင်း ကုန်စည်ဒိုင်ဖွင့်ရက် ၆ ရက်ရှိခဲ့ပြီး မတ်ပဲ(သဘော်တင်) ကုန်သေတ္တာ ၁၆၅ လုံးခန့် နှင့် ပဲစင်းငုံ(သဘော်တင်) ကုန်သေတ္တာ ၈၅လုံးခန့် အရောင်းအဝယ်ဖြစ်ခဲ့ ကြောင်း သိရသည်။ ပဲတီရွှေဝါဈေးနှုန်းများမှာ ခရမ်းပဲတီစိမ်းများအား ပွဲစားအချို့မှ ကြိုတင်(ကြိုပွိုင့်စနစ်) ရောင်းချမှုများရှိခဲ့ပြီး ပဲအပ်ရမည့် ကာလနီးလာချိန်တွင် ဝယ်လိုအားကောင်းလာခြင်းကြောင့် ပဲတီရွှေဝါဈေးနှုန်းများ ယခင်အပတ်ထက် သိသာစွာဈေးမြင့်လာခဲ့ခြင်းဖြစ်သည်။ ပဲတီရွှေဝါများ ပဲသစ် ပေါ်စအချိန်တွင် ဈေးနှုန်းများကျဆင်းခဲ့သော်လည်း ပဲအထွက်နှုန်းမှာ လျော့ကျနေခြင်း ကြောင့် တောင်သူများမှ ထုတ်ရောင်းမှုနည်းကာ ဈေးကွက်အတွင်း ပဲဝင်ရောက်မှုနည်းလာ ခဲ့သည်။ ထို့ကြောင့် ကြိုရောင်းသမား ကုန်သည်များက ပဲအပ်ချိန် နီးလာချိန်တွင် အပြိုင်အဆိုင်ဝယ်ယူမှုများရှိကာ ပဲတီရွှေဝါဈေးနှုန်းများ ဈေးမြင့်လာခြင်းဖြစ်ကြောင်းသိရသည်။ ပဲတီရွှေဝါ ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှ ဈေးနှုန်းမှာ ၃၃၀၄၅၀ ကျပ်ဖြစ်ပြီး ယခုအပတ် ဈေးနှုန်းမှာ ၃၃၅၅၅၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။ ဘိုကိတ်ပဲမှာ စိုက်ပျိုးထုတ်လုပ်မှု နည်းသော ပဲအမျိုးအစားဖြစ်ခြင်း၊ ဈေးကွက်သို့ ပဲသစ်အဝင်နည်းခြင်း၊ ဝယ်လိုအားများခြင်း တို့ကြောင့် ဘိုကိတ်ပဲ ၃ တင်း/ ၆၀ ပိဿာလျှင် ယခင် အပတ်ပျမ်းမျှ ဈေးနှုန်းမှာ ၂၀၆၅၅၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၂၁၀၀၀၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။ ထောပတ်ပဲနှင့် ကုလားပဲမှာ ပဲသစ်ပေါ်ချိန်ဖြစ်သော်လည်း ဈေးကွက် သို့ ကုန်အဝင်နည်းခြင်းနှင့် စားသုံးသူများက ဝယ်လိုအားနည်းခြင်းတို့ကြောင့် ရောင်းလိုအား ဝယ်လိုအားမျှကာ ဈေးငြိမ်အရောင်းအဝယ်အေးခဲ့သည်။ ထောပတ်ပဲ ၃ တင်း/၆၀ ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၂၂၀၈၀၀ ကျပ်ဖြစ်ပြီး ကုလားပဲတစ်ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ၄၀၈၀ ကျပ်ဖြစ်သည်။ ပဲပုပ်ပဲမှာ ဈေးကွက်သို့ ပဲသစ်အဝင်နည်းသော်လည်း ဝယ်လိုအားနည်းလာခြင်း ကြောင့် ၃တင်း/၆၀ ပိဿာလျှင် ယခင် အပတ်ပျမ်းမျှဈေးနှုန်းမှာ ၄၂၁၀၅၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၄၂၀၀၀၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့သည်။

## စားသုံးဆီဈေးကွက်

အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတွင် ဇန်နဝါရီမှ မတ်အထိ ကာလသည် စားအုန်းဆီထုတ်လုပ်မှု လျော့ကျသော ကာလဖြစ်ခြင်း၊ တရုတ်နှစ်သစ်ကူးပွဲတော်နှင့် အစ္စလာမ်ဘာသာဝင်များ၏ ဥပုသ် ဆောက်တည်သော ကာလများအတွက် စားအုန်းဆီ ကြိုတင်ဝယ်ယူမှုစုဆောင်းမှုများရှိခဲ့သော ကာလဖြစ်ခြင်း၊ မလေးရှားရင်းဂစ်ငွေ တန်ဖိုးမြင့်တက်လာခြင်း၊ အင်ဒိုနီးရှားနိုင်ငံတွင်လည်း စားအုန်းဆီ ပို့ကုန်အပေါ် အခွန်ကောက်ခံရာတွင် မတ် ၁ ရက်နေ့မှစတင်ကာ လက်ရှိ အခွန်ရာခိုင်နှုန်းထက် ၂ ဒသမ ၅ ရာခိုင်နှုန်းတိုးမြှင့်ပြီး ၁၂ ဒသမ ၅ ရာခိုင်နှုန်းအထိကောက်ခံရန် အတည်ပြုထားပြီးဖြစ်ခြင်း၊ မတ်လကုန်ပိုင်းတွင် ကျင်းပမည့် အီးဒ်(Eid al-Fitr)ပွဲတော်ကာလအတွက် ဝယ်လိုအားများသော ကာလဖြစ်ခြင်းစသည့် အခြေအနေများကြောင့် စားအုန်းဆီတင်သွင်းသော ဈေးနှုန်းများမှာလည်း တဖြည်းဖြည်း မြင့်တက်လာခဲ့သည်။ ထို့ပြင် အရှေ့အလယ်ပိုင်း ပဋိပက္ခကြောင့် လောင်စာဆီ အကျပ်အတည်းများအပေါ် စိုးရိမ်မှုကလည်း ဈေးနှုန်းများ ထပ်မံမြင့်တက်စေခဲ့သည်။ စားအုန်းဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း၊ လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ၂၀၂၆ ခုနှစ်၊ မတ် ၆ ရက်မှ ၁၂ရက်အထိ ကုန်ဆုံးသော ကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင်လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၆၄၃၀ ကျပ်ဖြစ်သည်။ ယခင်အပတ်ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက တစ်ပိဿာလျှင် ၃၀ ကျပ် ဈေးမြင့်လာခဲ့ခြင်းဖြစ်သည်။ ပြင်ပရှိ လက်လီ ဈေးကွက်တွင် သတ်မှတ်ထားသော ဆီဆိုင်အချို့၌ ရည်ညွှန်းဈေးနှုန်းထက် များစွာ မကွာသော ဈေးနှုန်းများဖြင့် တစ်အိမ်ထောင်လျှင် ၅၀ ကျပ်သားနှုန်း ရောင်းချပေးလျက်ရှိသည်။ အချို့သော မြို့နယ်များတွင် စားအုန်းဆီ တစ်ပိဿာ၏ ပြင်ပပေါက်ဈေးမှာ ၁၀၀၀၀ ကျပ်ဝန်းကျင်ဖြစ်သည်။

အေးသန္တာဝင်း

## ဆန်ဈေးကွက်

ဧရာဝတီတိုင်းမှ ဖျာပုံပေါ်ဆန်များ၊ ရန်ကုန်ဈေးကွက်မှတစ်ဆင့်ကားဖြင့် ဝင်ရောက်ပြီး အဟောင်းလက်ကျန်မရှိတော့ခြင်း၊ မြို့တွင်းစားသုံးမှုနည်းခြင်းကြောင့် တစ်အိတ် ၁၄၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ရွှေဘိုပေါ်ဆန်းမှာလည်း အသစ်တစ်မျိုးတည်းသာ တွေ့ရပြီး စားသုံးမှုပုံမှန်ဖြစ်ခြင်းကြောင့် ၁၈၀၀၀၀ကျပ်မှ ၁၈၂၀၀၀ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။ မနော်သုခဆန်မှာအသစ်များ ဝင်ရောက်ခြင်း၊ မြို့တွင်းစားသုံးမှုပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၆၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး အဟောင်းမှာလက်ကျန်နည်း၊ ပစ္စည်းရှားခြင်းကြောင့် တစ်အိတ် ၉၅၀၀၀ကျပ်ထိ ဈေးမြင့်နေသည်။ ဇီယာနှင့်ငစိန်မှာ ရန်ကုန်ဈေးကွက်မှတစ်ဆင့်ဝင်ရောက်ခြင်း အသစ်အဝင်နည်းသွားခြင်း ပင်ရင်းဈေး မြင့်ခြင်းကြောင့် တစ်အိတ် ၇၀၀၀၀ ကျပ်မှ ၈၀၀၀၀ကျပ်သို့ ဈေးမြင့်သွားပြီး ငစိန်ဆန်မှာ အသစ်အဝင်ပုံမှန်၊ လုပ်ငန်းသမားအဝယ်ပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၅၀၀၀၀ကျပ်မှ ၅၅၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ ဧရာမင်းဆန်မှာ အဝင်ပုံမှန်၊ မြို့တွင်းစားသုံးမှုနှင့် မန္တလေးဝန်းကျင်မှ အဝယ်ပုံမှန်ရှိခြင်းကြောင့် အသစ်တစ်အိတ် ၁၄၅၀၀၀ ကျပ်၊ အဟောင်းတစ်အိတ် ၁၆၀၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေသည်။

## ဆီထွက်သီးနှံနှင့် ဆီဈေးကွက်

မြေပဲ (လုံးဆန်)မှာ မြင်းမူဘက်မှ အဝင်နည်းခြင်း၊ လုပ်ငန်းသမား ပဲကြော်/လှော်သမား အဝယ်များခြင်းကြောင့် ယခင်အပတ်အရည်အသွေးအကောင်းဆုံး ၁၀၂၀၀၀၀ကျပ်မှ ယခုအပတ် အရည် အသွေးအကောင်းဆုံး ၁၁၀၀၀၀၀ကျပ်သို့ ဈေးမြင့်သွားပြီး မြေပဲ (ဆီဆန်)မှာ အဝင်နည်းသွားခြင်း၊ ဆီစက်သမားအဝယ်ပုံမှန်ရှိခြင်းကြောင့် ၁၀၀ပိဿာ ယခင်အပတ် ၉၂၅၀၀၀ ကျပ်မှ ၁၀၃၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ဆောင်းနှမ်း၊ အဝင်နည်းသွားသော်လည်း တရုတ်ဝယ်လက်နည်းခြင်း လုပ်ငန်းသမား အဝယ်နည်းခြင်းကြောင့် နှမ်းဖြူ ၄၅ပိဿာ ၃၅၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး နှမ်းညိုမှာ အဝင်ပုံမှန်၊ ဆီစက်သမားအဝယ်ပုံမှန်ရှိခြင်းကြောင့် ၄၅ပိဿာ တစ်အိတ် အရည်အသွေးအကောင်းဆုံး ၃၅၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ နှမ်းနက်(စမုံ)မှာ အရောင်းအဝယ်အေးခြင်းကြောင့် အရည်အသွေး အကောင်းဆုံး ၇၆၀၀၀၀ကျပ်၊ ဆောင်းနှမ်းနက် ၅၁၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ပန်းနှမ်းမှာ အသစ်အဝင်မရှိသေးခြင်း၊ ဘယဆေးနှင့် ဆီစက်သမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၄၅ပိဿာ တစ်အိတ် ၂၈၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ နေကြာဈေးနှုန်းမှာ ဆောင်းနေကြာအသစ်များဝင်ရောက်ခြင်း၊ အရည်အသွေးကောင်းခြင်းကြောင့် ၂၇ပိဿာ ၂၀၀၀၀၀ကျပ်မှ ၂၁၅၀၀၀ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။

## စားဖိုဆောင်ဈေးကွက်

ငရုတ်ခြောက် (ရှည်)မှာ ကျောက်ဆည်နှင့် ဧရာဝတီတိုင်းဘက်မှ ဝင်ရောက်ပြီး တစ်ပိဿာလျှင် ၁၄၀၀၀ ကျပ်မှ ၁၆၀၀၀ ကျပ် ဈေးရှိပြီး ငရုတ်ခြောက် (ပွ)မှာ ဆင်ဖြူ ကျွန်းဘက်မှ ဝင်ရောက်ပြီး တစ်ပိဿာလျှင် အသီးလှပမှုပေါ်မူတည်၍ ၂၇၀၀၀ ကျပ်မှ ၃၀၀၀၀ ကျပ်ထိ ဈေးရှိပြီး မန္တလေးဝန်းကျင်နှင့် မိုးကောင်း မြစ်ကြီးနားမှ မှာယူမှုများ တင်ပို့မှုရှိသည်။မြစ်သားကြက်သွန်များမှာ ကြီးတစ်ပိဿာ ၂၅၀၀ ကျပ်၊ လတ် တစ်ပိဿာ ၂၃၀၀ ကျပ်၊ ဈေးတည်ငြိမ်နေပြီး သေးတစ်ပိဿာ ၁၈၀၀ကျပ်မှ ၁၅၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ နယ်စုံ ကြက်သွန်များမှာ ကြီးတစ်ပိဿာ ၂၄၀၀ ကျပ်၊ လတ် ၂၀၀၀ ကျပ်၊ သေး ၁၂၀၀ ကျပ် ဈေးရှိသည်။ ကြက်သွန်ဖြူ (မြန်မာ) ကြက်သွန်များ ရွှေဘိုဘက်မှ ဝင်ရောက်ပြီး အရည်အသွေး အကောင်းဆုံးတစ်ပိဿာ ၁၀၀၀၀ ကျပ်မှ အညံ့ဆုံး ၃၀၀၀ ကျပ် ဈေးရှိသည်။ ကြက်သွန်ဖြူ (ရှမ်း) မဝင်သေးဘဲ ကြက်သွန်ဖြူ (တရုတ်) မှာ အဝင်ပုံမှန် စားသုံးမှု ပုံမှန်ရှိခြင်းကြောင့် တစ်ပိဿာ ၁၂၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ အာလူးဈေးနှုန်းမှာ ဘန်ဘွေးအာလူးတစ်ပိဿာ ၃၀၀၀ ကျပ်၊ အောင်ပန်းအာလူး တစ်ပိဿာ ၃၂၀၀ ကျပ်ဖြင့် ရောင်းဝယ်နေသည်။

## ပဲမျိုးစုံဈေးကွက်

မတ်ပဲ အသစ်များဝင်ရောက်မှုရှိခြင်း၊ ရန်ကုန်ဝယ်လက်နည်းခြင်း၊ မြို့တွင်းပဲခွဲစက်များ အဝယ်နည်းခြင်းကြောင့် ၃တင်းတစ်အိတ် အရည်အသွေး အကောင်းဆုံး ၂၈၇၀၀၀ကျပ်မှ ၂၇၈၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။

ပဲတီစိမ်း အသစ်များဝင်ရောက်ခြင်း၊ မြို့တွင်းပဲခွဲစက်များ ဝယ်ယူမှုသာရှိခြင်း၊ တရုတ်ဝယ်လက် နည်းခြင်းကြောင့် အရောင်းအဝယ်အေးကာ အရည်အသွေးပေါ်မူတည်၍ အနိမ့်ဆုံး ၂၆၀၀၀၀ ကျပ်မှ အကောင်းဆုံး ၂၉၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲစဉ်းငုံ (နီ)မှာ အသစ်များဝင်ရောက်ခြင်း၊ ရန်ကုန်ဝယ်လက်အဝယ်နည်းခြင်း၊ မြို့တွင်းပဲခွဲစက်များ အဝယ်ပုံမှန်ရှိခြင်းကြောင့် ၃တင်းတစ်အိတ် အရည်အသွေးအကောင်းဆုံး ၂၉၆၀၀၀ ကျပ်မှ ၂၉၃၀၀၀ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။ ပဲစဉ်းငုံ (ဖြူ)မှာလည်း အသစ်ဝင်ရောက်မှုရှိခြင်း၊ မြို့တွင်းပဲခွဲစက်များ၊ လုပ်ငန်းသမားအဝယ်ပုံမှန်ရှိခြင်းကြောင့် ၃တင်းတစ်အိတ် ၂၆၃၀၀၀ကျပ်ဖြင့် ဈေးတည် ငြိမ်နေသည်။

ပဲပုတ်(မြန်မာ) မှာ အသစ်မဝင်သေးခြင်း၊ လုပ်ငန်းသမားအဝယ် ပုံမှန်ရှိခြင်းကြောင့် ၃တင်းတစ်အိတ် ၃၅၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ပဲပုတ်(ရှမ်း)မှာ အသစ်များ ဝင်ရောက်မှုရှိခြင်း၊ ဆီစက်သမားအဝယ်ပုံမှန်ရှိခြင်းကြောင့် မိုးမိတ် ပဲပုတ် ၃တင်းတစ်အိတ် ၃၆၅၀၀၀ကျပ်မှ ၃၇၀၀၀၀ကျပ်သို့ ဈေးမြင့်သွားပြီး မိုးညှင်းပဲပုတ်မှာ အရည်အသွေးအကောင်းဆုံး ၃တင်းတစ်အိတ် ၃၈၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ကုလားပဲ (လုံးဖြူကြီး)မှာ အထွက်နည်းအဝင်နည်းခြင်း၊ ပဲကြော်/လှော်လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၃တင်းတစ်အိတ် ၁၁၈၀၀၀ ကျပ်မှ ၁၂၃၀၀၀ကျပ်သို့ ဈေးမြင့်သွားပြီး ကုလားပဲ (လုံးဝါကြီး)မှာလည်း အသစ်အဝင်နည်းသေးခြင်း၊ ပဲခွဲစက်များဝယ်ယူမှုပုံမှန် ရှိခြင်းကြောင့် တစ်အိတ် ၂၁၅၀၀၀ကျပ်မှ ၂၁၇၀၀၀ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။ လုံးဝါကြီး ဈေးမြင့်ခြင်း၊ လက်ကျန်နည်းပြီး အမြင့်ဈေးဖြင့်ဝယ်ယူကြိတ်ခွဲရခြင်းကြောင့် ခွဲခြမ်းမှာလည်း တစ်ပိဿာ ၅၃၅၀ကျပ်မှ ၅၄၀၀ကျပ်သို့ဈေးမြင့်သွားသည်။

ပဲယင်း အသစ်ဝင်ရောက်သော်လည်း ပဲခွဲစက်များအဝယ်ရှိခြင်း၊ ရန်ကုန်သမား ဝယ်ယူမှုရှိခြင်းကြောင့် ယခင်အပတ် ၃တင်းတစ်အိတ် ၂၁၀၀၀၀ကျပ်မှ ၂၄၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ မြေတောက်ပဲမှာ မုံရွာမှ အဟောင်းလက်ကျန်တစ်အိတ် ၂၄၀၀၀၀ကျပ်၊ ကလေး တမူးမှ အသစ်များ တစ်အိတ် ၂၇၅၀၀၀ကျပ်၊ အညာအသစ်များ ၂၉၀၀၀၀ကျပ်ဖြင့် အရည်အသွေးပေါ်မူတည်၍ လုပ်ငန်းသမားများ ဝယ်ယူမှုရှိသည်။ စားတော်ပဲ

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်း၊ ကိုင်းတန်းဈေး၊ သီရိမာလာဈေးတို့မှ ၁၀-၃-၂၀၂၆ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။




(ကျွန်း)မှာ အသစ်အဝင်နည်းခြင်း၊ လက်လီသမားအဝယ်ပုံမှန်ရှိခြင်း၊ လုပ်ငန်း သမားအဝယ်ရှိခြင်းကြောင့် တစ်အိတ် ယခင်အပတ် ၅၉၀၀၀၀ကျပ်မှ ယခုအပတ် ၆၄၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

ပဲကြီး(ကြီး)မှာ အသစ်များဝင်ရောက်ပြီး အရည်အသွေးကောင်းခြင်း၊ လုပ်ငန်းသမား၊ လှော်သမားအဝယ်ရှိခြင်းကြောင့် မိုးမိတ်ပဲကြီး ၃တင်းတစ်အိတ် ၄၂၀၀၀၀ကျပ်၊ ကျောက်တွင်း ပဲကြီး ၄၇၀၀၀၀ကျပ်ဖြင့် ရောင်းဝယ်နေပြီး ပဲကြီး (သေး)မှာလည်း အရည်အသွေးကောင်းခြင်း၊ ပဲကြော်/လှော်သမားပုံမှန်ဝယ်ယူမှုရှိခြင်းကြောင့် ယခင်အပတ် ၃၀၀၀၀၀ကျပ်မှ ၃၆၀၀၀၀ ကျပ်သို့ ဈေးမြင့် သွားသည်။

ထောပတ်ပဲ အသစ်များဝင်ရောက်ခြင်း၊ အရည်အသွေးကောင်းခြင်း၊ လုပ်ငန်းသမား အဝယ်ရှိခြင်းကြောင့် ယခင်အပတ် ၃၅၀၀၀၀ကျပ်မှ ယခုအပတ် ၃၉၀၀၀၀ကျပ်သို့ ဈေးမြင့်သွားပြီး ထောပတ်ပဲ (သေး)မှာ အရည်အသွေးကောင်းခြင်း၊ လက်လီသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၂၁၅၀၀၀ ကျပ်မှ ၂၂၀၀၀၀ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။

## ဟင်းသီး/ရွက် နှင့် သစ်သီးဝလံ ဈေးကွက်

မုံရွာချောင်းဦးမှ ငရုတ်စို (ရှည်နှင့်လတ်) နှစ်မျိုးလုံးဝင်ရောက်ပြီး မြို့တွင်း ငပိထောင်း လက်ဖက်သမား ပုံမှန်ဝယ်ယူမှုရှိခြင်းကြောင့် ငရုတ်စို (ရှည်) တစ်ပိဿာ ၅၀၀၀ ကျပ်၊ လတ် တစ်ပိဿာ ၆၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေသည်။ ရုံဖန်ရုံခါ နမ္မတူသို့ တင်ပို့မှုရှိသည်။ ဆောင်းကာလ ဖြစ်၍ ဂေါ်ဖီ တစ်ထုပ် ၁၃၀၀ ကျပ်၊ ပန်းမုံလာ ၁၀၀၀ ကျပ်၊ မုံလာဥနီတစ်ပိဿာ ၅၀၀၀ ကျပ်၊ မုန့်ညင်းဖြူ တစ်ပိဿာ ၁၅၀၀ ကျပ်ဖြင့် စားသောက်ဆိုင်နှင့် မြို့တွင်း

စာ-၁၅ သို့



# ပန်းဥပင်

ကြေးမုံငယ်





## သဘာဝဂဟေးအစာနှင့်ဆေး

ပန်း ဥပင်ကို ကွမ်းစားဂမုန်းပင်၊ ဆေးဂမုန်းပင် ဟု လူသိများကြပြီး ယင်း၏ အင်္ဂလိပ်အမည်မှာ Aromatic Ginger ဟု ခေါ်ဆိုသကဲ့သို့ Resurrection lily, Sand ginger နှင့် Lesser galangal ဟုလည်း ခေါ်ဆိုကြ၏။ ရုက္ခဗေဒအမည်မှာ Kaempferia galanga L. ဖြစ်ပြီး မျိုးရင်း Zingiberaceae တွင် ပါဝင်၏။

ပန်းဥပင် (ရန့်သင်းသော ချင်း) သည် အပူပိုင်းဒေသဖြစ်သည့် အာရှတွင် မူလစတင်ဖြစ်ထွန်း ပေါက်ရောက်ပြီး အထူးသဖြင့် အိန္ဒိယ၊ မြန်မာနှင့် အရှေ့တောင်အာရှတစ်ဝှမ်းရှိ ဒေသများတွင် သဘာဝအလျောက် မူလပေါက်ရောက်၏။ နောက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ တရုတ်၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ထိုင်းနှင့် ဗီယက်နမ်တို့တွင် ကျယ်ကျယ်ပြန့်ပြန့်တွေ့ရသော rhizomatous အပင်တစ်မျိုးဖြစ်၏။ ၎င်း၏ မွှေးရနံ့ကြောင့် ဟင်းခတ်အမွှေးအကြိုင်နှင့် ဆေးဖက်ဝင်အပင်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြ၏။ ဤအပင်ကို မြေယာရှုခင်း အလှဆင် အပင်အဖြစ်လည်း စိုက်ပျိုးကြ၏။

ပန်းဥပင်သည် သေးငယ်ပြီး ပင်စည်မဲ့သော နှစ်ရှည်ပင်တစ်မျိုးဖြစ်ပြီး သေးငယ်သော ဘဲဥပုံသဏ္ဌာန်ဥများပါရှိသော rhizomatous အမြစ်များသော အပင်မျိုးဖြစ်ပြီး အမြင့် ၄၅ စင်တီမီတာအထိ ကြီးထွားပေါက်ရောက်တတ်၏။ ထူထဲပြီး ဝိုင်းသော အလျားလိုက်ထွက်သည့် အစိမ်းရောင်အရွက်များ၏ အပေါ်ဘက်မျက်နှာပြင်တွင် အမွှေးမရှိဘဲ အချို့သော အရွက် အောက်မျက်နှာပြင်တွင် အမွှေးများရှိ၏။ ထိုအရွက်များသည် မြေပြင်ပေါ် တွင် ပြားချပ်ချပ် rosette ပုံစံဖြင့် အရွက် ၂-၅ ရွက်ထိ ထွက်လေ့ရှိ၏။

ပန်းပွင့်များမှာ သေးငယ်ပြီး တစ်ပင်လျှင် ၄ ပွင့်မှသည် ၁၅ ပွင့်အထိရှိပြီး နှုတ်ခမ်းပေါ်တွင် အဖြူရောင်ဖြစ်ပြီး အရွက်များ၏အလယ်တွင် ခရမ်းရောင်အစက်အပြောက်များ ပါရှိ၏။ အမြစ်များ၏ အခွံမှာ အနီရောင်မှ အညိုရောင် ဖြစ်ပြီး အတွင်းပိုင်းမှာ အသားထူပြီး အဖြူရောင်ရှိကာ ပရုတ်ကဲ့သို့သော ရနံ့ပါရှိ၏။



ပန်းဥပင်သည်အရိပ်အနည်းငယ်ရပြီး ရေစစ်ထုတ်မှုကောင်းမွန်သော မြေဆီလွှာကိုနှစ်သက်ပြီး ခြောက်သွေ့ပြီး အေးမြသော အခြေအနေကို နှစ်သက်၏။ ပွင့်လင်းပြီး နေရောင်ခြည်အလင်းရောင်ရသောနေရာများနှင့် မြေအောက်၊ သဲနှင့် စိုစွတ်သော မြေဆီလွှာတွင် ကောင်းစွာဖြစ်ထွန်း၏။

ပန်းဥပင်သည် အာဟာရဓာတ်ကြွယ်ဝသော အမြစ်ကိုအဓိကအသုံးပြုရသောအပင်မျိုးဖြစ်ပြီး ပရိုတင်း၊ အမျှင် ဓာတ်နှင့် ပိုတက်စီယမ်၊ ဖော့စဖရပ်စ်နှင့် မဂ္ဂနီဆီယမ်ကဲ့သို့သော မရှိမဖြစ်လိုအပ်သော သတ္တုဓာတ်များ မြင့်မားစွာ ပါဝင်ပြီး အိုင်းယွန်း၊ မဂ္ဂနိစ်၊ ဇင့်နှင့် ကိုဘော့တို့ ပါဝင်၏။ လတ်ဆတ်သောပန်းဥ ၁၀၀ ဂရမ်တွင် ၉၅ ကီလိုကယ်လိုရီ၊ ကာဘိုဟိုက်ဒရိတ် ၂၂ ဒသမ ၁ ဂရမ်၊ ပရိုတင်း ၁ ဂရမ်၊ အဆီ သုည ဒသမ ၃ ဂရမ်၊ အမျှင်ဓာတ် ၃ ဒသမ ၁ ဂရမ်၊ ကယ်လ်စီယမ် ၁၈ မီလီဂရမ်နှင့် သံဓာတ် ၂ ဒသမ ၂ မီလီဂရမ်ပါဝင်ပြီး စွမ်းအင်မြင့်မားသော လုပ်ဆောင်ချက် အစားအစာတစ်ခုဖြစ်၏။ ဇီဝတက်ကြွဒြပ်ပေါင်းများ ဖလေဗာနွိုက်၊ ဖီနောလ်များနှင့် အဆီအနှစ်များ (အထူးသဖြင့် အီသိုင်းနှင့် trans-ethyl-p-methoxycinnamate (EPMC) နှင့် မီသိုင်းစင်နမိတ်) အပါအဝင် ဓာတ်တိုးဆန့်ကျင်ပစ္စည်း များ ကြွယ်ဝ၏။

အာယုဗေဒဆေးပညာရပ်နှင့် တိုင်းရင်းဆေးပညာရပ်များအရ ပန်းဥပင်၏အမြစ်သည် ရောင်ရမ်းမှုကို ဆန့်ကျင်နိုင်စွမ်း၊ နာကျင်မှုသက်သာနိုင်စွမ်းနှင့် အဏုဇီဝပိုးများကို တိုက်ဖျက်နိုင်စွမ်းသော ဂုဏ်သတ္တိများကြောင့် အာရှတစ်ဝှမ်း တွင် ဆေးဝါး အဖြစ်အသုံးပြုသော ရိုးရာဆေးဖက်ဝင်အပင် တစ်မျိုးဖြစ်၏။

အစာခြေလမ်းကြောင်းဆိုင်ရာ ပြဿနာများဖြစ်သည့် ဝမ်းလျှောခြင်း၊ ဗိုက်အောင့်ခြင်း၊ အစာမကြေဖြစ်ခြင်းတို့ အတွက်လည်းကောင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ အခက်အခဲများဖြစ်သည့် အအေးမိပြီး နှာစေးချောင်းဆိုးခြင်း၊ ထိပ်ကပ်နာဖြစ်ခြင်း၊ ပန်းနာရင်ကျပ်ခြင်း၊ လေပြွန်ရောင်ခြင်းတို့အတွက်လည်းကောင်း၊ ကင်ဆာဖြစ်စေသည့် ဆဲလ်များ ကွဲပွားမှုကို ဟန့်တားနိုင်ခြင်းအတွက်လည်းကောင်း၊ အဆစ်အမြစ်ရောင်ရမ်းခြင်းနှင့် ကြွက်သားများနာကျင်ခြင်းနှင့် အရိုးကျိုးခြင်းတို့အတွက်လည်းကောင်း၊ ခေါင်းကိုက်ခြင်း၊ သွားကိုက်ခြင်း ဝေဒနာတို့ကို သက်သာစေရန် ကုသပေးသည့် ဆေးအဖြစ်အသုံးပြုကြ၏။

အရေပြားပေါ်တွင် ဖြစ်တတ်သည့် ထိခိုက်ဒဏ်ရာများ၊ ရောင်ရမ်းခြင်းနှင့် အရေပြားပိုးဝင်ခြင်းများအတွက် အနာအုံဆေးအဖြစ် ပန်းဥကို သွေးပြီးလိမ်းပေးနိုင်၏။

ထို့အပြင် ပန်းဥကို စိုးရိမ်ပူပန်မှုကို လျှော့ချရန်၊ စိတ်ငြိမ်ဆေးအဖြစ်လည်းကောင်း၊ သွေးလည်ပတ်စီးဆင်းမှုကို တိုးတက်ကောင်းမွန်စေရန်နှင့် ကိုယ်ခံစွမ်းအားကို မြှင့်တင်ရန် ဘေးကင်းသော သဘာဝဆေးတစ်လက်အဖြစ် အသုံးပြု ကြ၏။ မွေ့ဆိပ်ဖြေဆေးအဖြစ်လည်း အသုံးပြုကြ၏။

- ပန်းဥအမြစ်၏ သင်းပျံ့သောရနံ့မွှေးနှင့် ငရုတ်ကောင်းကဲ့သို့ ပူရှိန်းရှတသော အရသာကြောင့် အရှေ့တောင် အာရှနိုင်ငံများ၊ အထူးသဖြင့် ဂျာဗားကျွန်းနှင့် မလေးရှား အစားအစာများအတွက် မရှိမဖြစ်လိုအပ်သော ဟင်းခတ် အမွှေးအကြိုင်တစ်မျိုး ဖြစ်၏။
- ပန်းဥပင်၏ အရွက်နှင့် ဥများကို ဟင်းခတ်အနှစ်များ၊ ဟင်းချိုများ၊ အသုပ်များနှင့် ဟင်းလျာများ၊ ချက်ပြုတ် ပြင်ဆင်ရာတွင် အသုံးပြုလေ့ရှိ၏။ အချို့ကလည်း ပန်းဥများကို ပါးပါးလှီး အခြောက်ခံထားကာ အရည်သောက် ဟင်းများ ချက်ပြုတ်ရာတွင် အသုံးပြုလေ့ရှိကြ၏။
- အင်ဒိုနီးရှားနိုင်ငံ ဂျာဗားနှင့် ဘာလီကျွန်းတို့တွင် ပန်းဥကို အသုပ်များအတွက်လည်းကောင်း၊ အသားဟင်းလျာများအတွက် အမွှေးအကြိုင်အနှစ်များ ပြုလုပ်ရာတွင် အဓိကပါဝင်ပစ္စည်းတစ်ခုအဖြစ် ထည့်သွင်းချက်ပြုတ် ကြ၏။
- အင်ဒိုနီးရှားနိုင်ငံရှိ ဘီရာ့စ်ကန်ကာ (Beras kencur) ခေါ် ဆေးဖက်ဝင် အဖျော်ယမကာတစ်မျိုးသည် ပန်းဥကို ဆန်၊ မန်ကျည်းသီးတို့နှင့် ရောစပ်ပြုလုပ်ထားသော လူကြိုက်များသောဆေးဖက်ဝင်အဖျော်ယမကာတစ်မျိုးဖြစ်၏။ အရသာမှာ ချိုမြိန်ပြီး လန်းဆန်းစေကာ ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးခြင်း၊ လည်ချောင်းယားယံခြင်းကို သက်သာစေခြင်း၊ အစာချေဖျက်မှုကို အထောက်အကူပြုခြင်းနှင့် ချောင်းဆိုးသက်သာစေခြင်းတို့အတွက် လူသိများ၏။
- မလေးရှားနိုင်ငံတွင် ထမင်းနှင့်အတူ ပန်းဥအရွက်နုကို ရောသုပ်ပြီး အရသာရှိကာ ခွန်အားပြည့်ဖြိုးစေသည့် (nasi ulam ကဲ့သို့) စားသောက်ဖွယ်ရာများတွင် ထည့်သွင်းစားသုံးလေ့ရှိကြ၏။
- ထိုင်းနိုင်ငံတွင် ပန်းဥအရွက်နှင့် အမြစ်များကို ဟင်းလျာများ ကြော်လှော်ခြင်း၊ အရည်သောက်ဟင်းများ

စာ-၁၅ သို့




မျိုးလို့ ပြောလိုက်တာနဲ့ မျိုးကောင်း မျိုးသန့် မျိုးစေ့ကို ဆိုလိုတယ်လို့ တောင်သူလယ်သမားတွေရော၊ မျိုးစေ့ ထုတ်လုပ်သူတွေရော၊ မျိုးစေ့ ဖြန့်ဖြူးရောင်းချသူတွေရော သိကြပါတယ်။

ဒါဆို **မျိုးကောင်းဆိုတာဘာလဲ?** - မျိုးကောင်းဆိုတာ သူ့ရဲ့မူလဗီဇကိုက အထွက်ကောင်းမယ် (သို့မဟုတ်) အရည်အသွေးကောင်းမယ် (သို့မဟုတ်) ပိုးမွှားရောဂါဒဏ်၊ ရာသီဥတုဒဏ်ခံနိုင်မယ် (သို့မဟုတ်) ဓာတ်မြေဩဇာကို တုန့်ပြန်မှုကောင်း မယ် (သို့မဟုတ်) ယိုင်လဲမှုဒဏ်ခံနိုင်မယ် (သို့မဟုတ်) အဲဒီအချက်တွေ တစ်ခုထက်မကပါမယ် စတဲ့ သီးနှံတစ်ခုအတွက် ကောင်းတဲ့ လက္ခဏာတွေ ပါဝင်နေတဲ့ မျိုးတစ်မျိုးကို မျိုးကောင်းလို့ ခေါ်ရပါမယ်။

**မျိုးသန့်ဆိုတာကရော?** - မျိုးတစ်မျိုးရဲ့ မျိုးစေ့ထဲမှာ အခြားမျိုးကွဲတွေ ရောပါနေတာ၊ (ဥပမာ - ရေမင်းမျိုးထဲမှာ ပေါ်ဆန်းစေ့တွေ ပါနေတာ၊ မနောသုခစေ့တွေပါနေတာ) ပေါင်းမြက်စေ့တွေ ပါနေတာ၊ အဖျင်းအမှော် ဖုန်ခဲသဲတွေ ရောပါနေတာမရှိဘဲ သန့်တဲ့မျိုးစေ့ကို မျိုးသန့်လို့ ပြောတာပါ။

မျိုးကောင်းမျိုးသန့်တစ်မျိုးရဖို့မှာ မျိုး ကော င်း ရ ဖို့ အ တွ က် က တော့ မျိုးစေ့နဲ့ဆိုင်တဲ့ ပညာရပ်ပိုင်း လိုအပ်ပါတယ်။ မျိုးတစ်မျိုးရဲ့ မူလဗီဇမှာကိုက အထွက်ကောင်းတဲ့၊ အရည်အသွေးကောင်းတဲ့၊ ပိုးဒဏ် ရာသီဒဏ် ခံနိုင်တဲ့ လက္ခဏာတွေပါတဲ့ မျိုးတစ်မျိုးရဖို့ မျိုးစပ်တာ၊ မျိုးထွန်းအောင် ဖန်တီးတာ၊ ဇီဝနည်းတွေနဲ့ ပြုပြင်တာတွေ လုပ်ဖို့လိုအပ်တာဖြစ်တဲ့အတွက် မျိုးစေ့ပညာရှင်တွေကဘဲ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ဒါဆို ရှင်းပြီလေ - ကျွန်တော်တို့လက်ထဲမှာရှိနေတဲ့မျိုး၊ ကောင်းနေတဲ့မျိုးကို သန့်အောင်လုပ်ဖို့ အတွက်တော့၊ တစ်နည်းအားဖြင့် မျိုးသန့်ရဖို့ကတော့ တောင်သူလယ်သမားတွေ၊ မျိုးစေ့ထုတ်လုပ်သူတွေ၊ မျိုးစေ့ဖြန့်ဖြူးရောင်းချသူတွေ ဘယ်သူမဆို ဆောင်ရွက်နိုင်ပါတယ် - ကျွန်တော်တို့လက်ထဲမှာ ရှိပြီးသား မျိုးကောင်းတစ်မျိုးကို မျိုးသန့်ဖြစ်ဖို့ စိုက်ခင်းမှာကတည်းက ဆောင်ရွက်ဖို့တော့ လိုပါတယ်၊

စိုက်ခင်းထဲမှာ မညီမညာဖြစ်နေတဲ့အပင်တွေ၊ ပုံသဏ္ဍာန်ကွဲပြားနေတဲ့အပင်တွေ၊ အရောင်ကွဲပြား နေတဲ့အပင်တွေ၊ ပန်းပွင့်ချိန်၊ ရင့်မှည့်ချိန် မတူညီတဲ့အပင်တွေကို နုတ်ပစ် (ဒါမှမဟုတ်) အဲဒီအပင်တွေ ကို မရွေးဘဲ၊ ညီညာမှုရှိတဲ့၊ ပုံသဏ္ဍာန်တူတဲ့၊ အပင်အရပ်၊ အရွယ်တူတဲ့၊ ပန်းပွင့်ချိန်တူတဲ့၊ ရင့်မှည့်ချိန် တူတဲ့ အပင်တွေ၊ အရုံတွေထဲက အနှံ၊ အသီးတွေကို ရွေးပြီး မျိုးအဖြစ် သီးသန့်ရိတ်သိမ်းရမှာ ဖြစ်ပါတယ်။ ရိတ်သိမ်းပြီးရင်လည်း ပေါင်းမြက်တွေ၊ အဖျင်းအမှော် ဖုန်ခဲသဲတွေ ပြောင်စင်အောင် ပြာတီးသန့်စင်ရမှာပေါ့။ ဒါဆို မျိုးကောင်းမျိုးသန့် မျိုးစေ့တွေကို ဈေးကြီးကြီးပေးပြီး ဝယ်စရာမလို၊ အချိန်ကုန်၊ လူပန်း၊ ငွေကုန်ခံပြီး လိုက်ရှာနေစရာမလိုဘဲ ကိုယ့်လယ်မှာဘဲ ထုတ်လုပ်နိုင်ပြီပေါ့။

တောင်သူကြီးတွေအနေနဲ့ မျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်လုပ်တဲ့ ကုမ္ပဏီကြီးတွေဆိုပြီး အထင်ကြီးနေစရာမဟုတ်ပါ၊ သူတို့လည်း ဒီနည်းကိုဘဲ အသုံးပြုပြီးထုတ်လုပ်ကြတာဖြစ်ပါတယ်။ သူတို့ကတော့ ဧရိယာ ကျယ်ကျယ်ပြန့်ပြန့်ထုတ်တဲ့အတွက် အခြောက်ခံစက်တွေ၊ မျိုးစေ့သန့်စင်စက်တွေ သုံးကြတာနဲ့ တောင်သူများကတော့ နေလှန်းတယ်၊ ဇကောဇကာတွေနဲ့ ပြာတီးသန့်စင်တယ် ဒါဘဲ ကွာခြားတာဖြစ်ပါတယ်။

တစ်ခုပဲရှိတယ် - ကိုယ့်မှာရှိနေတဲ့ မျိုးကတော့ မျိုးရဲ့အရင်းအမြစ် မှန်ဖို့တော့လိုတာပေါ့၊ ဒီမျိုးကို ကိုယ်ဘယ်ကရလဲ၊ စိုက်ပျိုးရေးသုတေသနခြံတွေကလား၊ စိုက်ပျိုးရေးမျိုးစေ့ခြံတွေကလား၊ ဒီလိုခြံတွေမှာတော့ မျိုးစေ့ပညာရှင်တွေလည်းရှိတော့ မျိုးကောင်းဖို့အတွက် စိတ်ချရမှာပေါ့၊ အဲလိုမျိုးတစ်မျိုးရပြီးရင် ကိုယ့်လယ်မှာပဲ ၃ နှစ်လောက် မျိုးသန့်အောင် ထိန်းပြီး ပြန်လည်အသုံးပြု စိုက်ပျိုးနိုင်တဲ့အတွက် မျိုးစေ့ဖိုး အပိုငွေ မသုံးရဘဲ၊ မျိုးကလည်း ကိုယ်ကိုယ်တိုင် လုပ်ထားတဲ့အတွက် စိတ်ချရတဲ့ မျိုးကောင်းမျိုးသန့်မျိုးစေ့ ရရှိနိုင်မှာဖြစ်ပါတယ်။

ဒီလိုစဉ်းစားကြည့်ကြပါစို့ - လယ်(၅)ကေရှိတဲ့ တောင်သူတစ်ယောက်က စပါးမျိုးကောင်းမျိုးသန့်မျိုးစေ့ကို ဒသသမ ၁၀ (သုညဒသမ ၁၀)ကေစာဘဲ ဝယ်ယူ စိုက်ပျိုးပြီး အဲဒီ သုညဒသမ ၁၀ ကေကို မျိုးသန့်အောင် ထိန်း၊ နောက်ရာသီမှာ ကိုယ့်လယ် ၅ ကေအတွက်အသုံးပြုလိုက်၊ နောက် ၂ ရာသီ၊ ၃ ရာသီလောက် မျိုးသန့်အောင်လုပ်ပြီး ဆက်သုံးနိုင်မယ်ဆိုရင် မျိုးစေ့ဖိုးအတွက် ကုန်ကျစရိတ် များစွာသက်သာသွား မှာဖြစ်သလို မျိုးကောင်းမျိုးသန့်မျိုးစေ့ကို အ သုံး ပြု စို က် ပျိုး ရ တဲ့ အ တွ က် အထွက်ကောင်း၊ အရည်အသွေးကောင်း၊ ပိုးမွှားရောဂါဒဏ်ခံနိုင်ပြီး၊ ဈေးကောင်းလည်းရမယ့် ထွက်ကုန်တွေကို ထုတ်လုပ်နိုင်မှာ ဖြစ်ပါကြောင်း မျိုးကောင်းမျိုးသန့်မျိုးစေ့ သုံးစွဲနိုင်မယ့် ကွန်ချက်လေးအဖြစ် တင်ပြ လိုက်ပါတယ်။

(အပေါ်မှာ ပြောပြထားတာတွေထက် ထပ်ပြီး အသေးစိတ်သိချင်သေးရင်တော့ ပြောပြပေးပါမယ်၊ ထပ်ရှင်းပြမှ ပိုရှုပ်သွားမှာလည်း စိုးပါတယ်ခင်ဗျာ။)

မျိုးကောင်းအသစ်တစ်မျိုး ရဖို့ဆိုရင် သီးနှံပေါ်မူတည်ပြီး ၁၀ နှစ်ကြာမလား၊ ၁၅ နှစ်ကြာမလား မပြောနိုင်ပါဘူး၊ သားဆက်တစ်ခုရဖို့အတွက် အရင်ဦးဆုံး မိဘတွေ လိုတာပေါ့၊ မိဘပင်တွေမှာ ကျွန်တော်တို့ လိုချင်တဲ့ လက္ခဏာတွေ (ဥပမာ - အထွက်ကောင်းတာ၊ အရည်အသွေးကောင်းတာ၊ ပိုးမွှာရောဂါဒဏ်ခံနိုင်တာ၊ ရာသီဥတုဒဏ်ခံနိုင်တာ၊ ရေငတ်ခံနိုင်တာ၊ ဆားငံဒဏ်ခံနိုင်တာ၊ အရပ်ပုတာ၊ အရပ်ရှည်တာစသဖြင့်)ပါအောင် အရင်ဆုံး စုဆောင်းလို့ရသမျှ မျိုးတွေကို စိုက်ကြည့် ရတာကစရပါမယ်။ ပြီးမှ ကိုယ်လိုချင်တဲ့ လက္ခဏာပါတဲ့ မျိုးလိုင်းတွေကို ရွေးချယ်ရမယ်။ ပြီးမှ မျိုးစပ် ရမယ်။ မျိုးစပ်ပြီး ရလာတဲ့ မျိုးလိုင်းအသစ်တွေကို ပြန်စမ်းသပ်စိုက်ကြည့်ရမယ်။ ကိုယ်လိုချင်တဲ့ လက္ခဏာတွေ မပါရင် အစကပြန်လုပ်ရမယ်။ တစ်ခါလုပ်ရင် အနည်းဆုံး သီးနှံတစ်ရာသီဆိုတော့ စဉ်းစားသာကြည့်ဗျို့ ဘယ်လောက်ကြာမလဲဆိုတာ။ ဒါကြောင့် များသောအားဖြင့် မျိုးစပ်ပညာရှင်တွေဟာ မျိုး ၂ မျိုး၊ ၃ မျိုး ရဖို့အတွက် သူတို့ တစ်ဘဝလုံးရဲ့ အချိန်အများစုကို စတေးရတာပေါ့။ မျိုးကောင်းတစ်မျိုးရဲ့ တန်ဖိုးကို သိစေချင်လို့ တင်ပြတာပါ။

ပြီးတော့ - အားလုံးသိကြတဲ့အတိုင်းဘဲ မျိုးစေ့မှာ စပ်မျိုးနဲ့ သဘာဝဝတ်မှုန်ကူးမျိုး ဆိုပြီး ယေဘူယျအားဖြင့် ၂ မျိုးရှိပါတယ်။ သဘာဝ ဝ တ် မှု န် ကူး မျိုး ဆို တာ က တော့ အကြမ်းအားဖြင့် ကိုယ့်မျိုးကိုယ် ပြန်ထားလို့ရတဲ့ မျိုးတွေကိုဆိုလိုတာပါ၊ ကျွန်တော်တို့နိုင်ငံက စပါးမျိုးအများစုဟာ အဲလိုမျိုးတွေ ဖြစ်ပါတယ်။ ကျွန်တော်အပေါ်မှာ တင်ပြခဲ့တဲ့ ကိုယ့်လယ်မှာ ကိုယ့်မျိုးသန့်ထိန်းတာက ဒီလို သဘာဝ ဝတ်မှုန်ကူးမျိုးတွေကိုဘဲ လုပ်လို့ရမှာဖြစ်ပါတယ်။ စပ်မျိုးတွေမှာတော့ ကိုယ့်မျိုးကိုယ်ထား၊ ကိုယ့်လယ်မှာ ကိုယ့်မျိုးသန့် ထိ န်း လို့ မ ရ ဘူး ဆို တာ ကို တော့ သေချာသိထားဖို့လိုပါတယ်။

စပ်မျိုးတွေကို စိုက်ပျိုးပြီး ရရှိလာတဲ့ မျိုးစေ့(ဒုတိယသားဆက်)တွေကို ပြန်လည် စိုက်ပျိုးမယ်ဆိုရင် - အပင်များ ညီညာမှုမရှိခြင်း၊ အသီးအရွယ်များ မညီညာခြင်း၊ ပိုးမွှားရောဂါဒဏ်ခံနိုင်စွမ်း နည်းပါး လာခြင်းနဲ့ နောက်ဆုံး အထွက်နှုန်းရော၊ အရည်အသွေးပါ လျော့နည်းကျဆင်းခြင်းတို့ကို ကြုံတွေ့ရမှာ ဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ ဒီလို ဒုတိယသားဆက်တွေကို စိုက်ပျိုး

စာ-၁၅ သို့